အမှုမှာ Wai Wai Lwin Co., Ltd မှသွင်းကုန်လိုင်စင်အမှတ် MSEQILV 1920 02216 (27.12.2019) , ID No. 181162 (24.3.2020) ဖြင့်တင်သွင်းလာသော Brand New (Ageing Stock) Light Truck (LHD), Brand Name –SOJEN (5) UNITS , Engine Power-57 KW, Model Year-2017 (မျက်မြင်စစ်ဆေးတွေ့ရှိချက် MDL-2016) စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် ၄၉,၀၀၀,၀၀၀ ကို မူဆယ် ၁၀၅ မိုင် OSS ယာဉ်/ယန္တရား မြေပြင်စစ်ဆေးရေးပူးပေါင်းအဖွဲ့မှ ၂၃-၄-၂၀၂၀ ရက်နေ့တွင် စစ်ဆေးခဲ့ရာ SOJEN Light Truck များ၏ မူလဘောင်အမှတ်နေရာကို ကျောက်စက်ဖြင့်စား၍ ၎င်းနေရာတွင်ဘောင်အမှတ်သစ်ပြုလုပ်ခြင်း (Re-Stamped)နှင့် ယာဉ်၏အစိတ်အပိုင်းများတွင်လည်း MDL-2016 များသာ တွေ့ရှိခဲ့မှုကြောင့် အမှုတွဲဖွင့်လှစ်အရေးယူခဲ့ပြီး အခင်းဖြစ်ယာဉ် ၅ စီးသည် တရားဝင်သွင်းကုန်လိုင်စင်ဖြင့် တင်သွင်းလာခဲ့သည်မှာ မှန်သော်လည်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၇ ဖြင့် ထုတ်ပြန်ထားသော ပြည်ပမှတင်သွင်းသည့် ကုန်ပစ္စည်းများကို ခွင့်ပြုချက်သတ်မှတ်ချက်တို့နှင့် ဆန့်ကျင်ကွဲလွဲ၍ တင်သွင်းခြင်းအပေါ် အရေးယူဆောင်ရွက်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းဇယား (၇)၊ (၈) အရ Chassis No/Vin Code တို့ကိုပြင်ဆင်ပါက သတ်မှတ်ဘောင်အတွင်းအကျုံးဝင်သည်ဖြစ်စေ၊ အကျုံးမဝင်သည်ဖြစ်စေ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရမည်ဟု ပြဋ္ဌာန်းထားခြင်းကြောင့် အခင်းဖြစ်ပစ္စည်းများကို ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇(၈) နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၇(၁) တို့အရ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့သည်ကို လျှောက်ထားသူမှ ကျေနပ်မှုမရှိသဖြင့် အခွန်အယူခံခုံအဖွဲ့သို့ တင်သွင်းလျှောက်ထားခဲ့ရာ အခွန်အယူခံခုံအဖွဲ့က ၁၄.၁.၂၀၂၁ ရက်နေ့တွင် ပလပ်ခဲ့ပါသဖြင့် Wai Wai Lwin Co., Ltd မှ ပြန်လည်သုံးသပ်မှုလျှောက်ထားလာသော အမှုဖြစ်ပါသည်။

အခွန်အယူခံခုံအဖွဲ့သည် နှစ်ဖက်ပုဂ္ဂိုလ်များ၏ လျှောက်လဲတင်ပြချက်များကို ကြားနာပြီးဖြစ်သည့်အပြင် အမှုတွဲပါစာတမ်းအမှတ်အသားများ သက်သေခံချက်များကို အသေးစိတ်သေချာစွာ ကြည့်ရှုလေ့လာခဲ့ပါကြောင်း၊ အခင်းဖြစ်မော်တော်ယာဉ်များသည် သွင်းကုန်လိုင်စင်ဖြင့် တင်သွင်းလာသောယာဉ်များဖြစ်သော်လည်း OSS မှ ယာဉ်များကို စစ်ဆေးချက်မှတ်တမ်း၌ မူလဘောင်အမှတ်နေရာတွင် ကျောက်စက်ဖြင့်စား၍ ဘောင်အမှတ်သစ်များ ပြုပြင်ရိုက်နှိပ်ထားသည့်အပြင် ယာဉ်၏အစိတ်အပိုင်းများတွင်လည်း လိုင်စင်ပါဖော်ပြချက်နှင့်မတူဘဲ MDL-2016 များသာဖြစ်ကြောင်း ပေါ်ပေါက်

သဖြင့် သက်သေခံယာဉ်များသည် သွင်းကုန်လိုင်စင်တွင် ခွင့်ပြုဖော်ပြထားသောယာဉ်များမဟုတ်ဘဲ ခွင့်ပြုချက်၊ သတ်မှတ်ချက်များနှင့် ဆန့်ကျင်ကွဲလွဲ၍ တင်သွင်းလာသောယာဉ်များသာဖြစ်သည်ဟု မှတ်ချက်ပြုသုံးသပ်ထားသည်ကို တွေ့ရှိရပါကြောင်း၊ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၈၃ တွင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမည့်အစားသင့်လျော်ထင်မြင်သည့်ဒဏ်ငွေကို ပစ္စည်းပိုင်ရှင်ကပေးဆောင်လျှင် ရွေးယူခွင့်ပြုနိုင်ကြောင်း ပြဋ္ဌာန်းထားသော်လည်း အခါခပ်သိမ်း ဆောင်ရွက်ရန်မဟုတ်ဘဲ ရွေးယူခွင့်ပြုသင့်သောကိစ္စရပ်များအတွက် ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းထားခြင်းသာဖြစ်သည်ဟု သုံးသပ်တွေ့ရှိရပါကြောင်း၊ လျှောက်ထားသူက မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သောလုပ်ငန်းများကြီးကြပ်ရေးကော်မတီ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၆ ကို ရည်ညွှန်းလျက် သက်သေခံ Light Truck (၅) စီး၏ Model Year သည် ယင်းအမိန့်ကြော်ငြာစာပါ အကျုံးဝင်သော ခုနှစ်ဖြစ်ကြောင်း တင်ပြထားသော်လည်း အဆိုပါအမိန့်ကြော်ငြာစာသည် ၂၀၁၇ ခုနှစ်အတွက် ပုံမှန်တင်သွင်းသော မော်တော်ယာဉ်များအတွက်သာ ထုတ်ပြန်ထားခြင်းဖြစ်ပြီး ၂၀၁၉ ခုနှစ်အတွင်းသွင်းကုန်လိုင်စင်ရယူကြသည့်မော်တော်ယာဉ်များနှင့်လည်းကောင်း၊ မူလဘောင်အမှတ်ပြန်လည်ပြင်ဆင် (Re-Stamped) ထားသည့် မော်တော်ယာဉ်များနှင့်လည်းကောင်း သက်ဆိုင်မှုမရှိကြောင်း သုံးသပ်တွေ့ရှိရပါကြောင်း၊ ၂၉.၁၁.၂၀၁၆ ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့သည့် မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သောလုပ်ငန်းများကြီးကြပ်ရေးကော်မတီအစည်းအဝေး ၄/၂၀၁၆ ၏ဆုံးဖြတ်ချက်နှင့်အညီ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ၁၉.၁.၂၀၁၇ ရက်စွဲပါ ညွှန်ကြားချက် ၁/၂၀၁၇ ဖြင့် ၁.၃.၂၀၁၇ ရက်နေ့မှစတင်၍ ပြည်ပမှတင်သွင်းလာသည့် ယာဉ်များကို ကနဦးစစ်ဆေးချက်အရ ဘောင်အမှတ်ဖောက်ထည့်ထားခြင်း၊ ဘောင်အမှတ်ပြန်ရိုက်ထားခြင်းကိုတွေ့ရှိရပါက မှတ်ပုံတင်လုပ်ငန်းများဆက်လက်ဆောင်ရွက်ပေးခြင်းမပြုကြောင်း အများပြည်သူသိရှိရေး ကြော်ငြာပေးရန်ညွှန်ကြားထားပြီးကြောင်းကို တွေ့ရှိရပါကြောင်း၊ လျှောက်ထားသူတင်သွင်းလာသောယာဉ်များမှာ ၂၀၂၀ ခုနှစ်တွင်ဖြစ်၍ အထက်ပါကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားထားချက်ကိုသိရှိထားပြီးဖြစ်သည်ဟု ယုံကြည်သည့်အပြင်ယခုကဲ့သို့ကိစ္စများမဖြစ်ရအောင် ဝယ်ယူသူအနေဖြင့် ပိုမိုဂရုစိုက်ဆောင်ရွက်သင့်သော်လည်း လျှောက်ထားသူအနေဖြင့် ဂရုစိုက်မှုလျော့နည်းခဲ့သည်ဟု သုံးသပ်ရပါကြောင်း၊ ရောင်းသူဘက်မှ ချို့ယွင်းအားနည်းချက်ကြောင့် ရောင်းမှားဝယ်မှားဖြစ်ပါက အရောင်းပဋိညာဉ်စာချုပ်ပါ သဘောတူညီချက်နှင့်အညီ တရားဥပဒေနည်းလမ်းဖြင့် နစ်နာဆုံးရှုံးမှုများကို ရောင်းသူဝယ်သူကုမ္ပဏီအချင်းချင်းဖြေရှင်းဆောင်ရွက်ရမည့် ကိစ္စဖြစ်သည်ဟု သုံးသပ်ရရှိပါကြောင်း၊ အကောက်ခွန်ဦးစီးဌာနက အခင်းဖြစ်ယာဉ်များကို ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇(၈) နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၇ (၁) တို့အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းသည် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားခြင်းသည်မှားယွင်းသည်ဟု မဆိုနိုင်ကြောင်း၊ မူလအယူခံခုံအဖွဲ့အနေဖြင့် အပြည့်အစုံလေ့လာကြည့်ရှုစိစစ်ပြီးနောက် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၈၃ အရ သင့်လျော်သော ရွေးယူဒဏ်ငွေများတပ်ရိုက်၍ ပြန်လည်ရွေးယူခွင့်မပြုဘဲ မူဆယ်မြို့နယ်အကောက်ခွန်ဦးစီးဌာန၏ အမိန့်ကိုအတည်ပြု၍ အယူခံလွှာကိုပလပ်ခဲ့ခြင်းမှာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီသာ စီရင်ဆုံးဖြတ်ထားခဲ့ကြခြင်းဖြစ်၍ မူလအယူခံခုံအဖွဲ့၏ ၂၀.၁.၂၀၂၁ ရက်စွဲပါ၊ စာအမှတ် အခယ (ဖွဲ့). ၃/၀၃ (၆၄/၂၀၂၁) ဖြင့် ချမှတ်ထားခဲ့သော စီရင်ချက်အမိန့်ကို ပြန်လည်သုံးသပ်ပြင်ဆင်ရန် လိုအပ်သည့်ကိစ္စမပေါ်ပေါက်ပေ။

သို့ပါ၍ အောက်ပါအတိုင်း အမိန့်ချလိုက်သည်-

**အမိန့်**

အခွန်အယူခံခုံအဖွဲ့၏၂၀.၁.၂၀၂၁ ရက်စွဲပါ၊ စာအမှတ် အခယ(ဖွဲ့) /၃/၀၃ (၆၄/၂၀၂၁)ဖြင့် အကောက်ခွန်အယူခံမှုအမှတ် ၂၄/၂၀၂၀ တွင် ချမှတ်ခဲ့သောအမိန့်ကို အတည်ပြု၍ ဤပြန်လည်သုံးသပ်ပေးစေလိုမှု လျှောက်ထားချက်ကို ပလပ်လိုက်သည်။

| | | |
|---|---|---|
| ဇေယျကြည်ညွှန့် | ဦးကြည် | ဝင်းတင် |
| အဖွဲ့ဝင် | ခုံအဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင် |
| | အခွန်အယူခံခုံအဖွဲ့ | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အခွန်အယူခံခုံအဖွဲ့**

**၂၀၂၃ ခုနှစ်၊ အကောက်ခွန်ပြန်လည်သုံးသပ်မှုအမှတ်-၂**

| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူ** |
|---|---|---|
| ဦးညီညီထွေး<br>၁၀/ကထန(နိုင်) ဝ၆၅၁၇၀<br>လှည်းလမ်းကူးကျေးရွာ၊ ကျိုက်ထိုမြို့၊<br>မွန်ပြည်နယ်။ | နှင့် | အကောက်ခွန်ဦးစီးဌာန၊<br>မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၊<br>ကျိုက်ထိုမြို့၊ မွန်ပြည်နယ်။ |
| လျှောက်ထားသူအတွက် လိုက်ပါ ဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဦးရွှေမင်း၊ တရားလွှတ်တော်ရှေ့နေ။ |
| လျှောက်ထားခံရသူအတွက် လိုက်ပါ ဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဦးပိုင်သူမိုးအောင်(ဦးစီးအရာရှိ)၊<br>အကောက်ခွန်ဦးစီးဌာန။ |
| အမိန့်ချမှတ်သည့်ရက်စွဲ | - | ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက် |

**စီရင်ချက်**

အမှုမှာ Wai Wai Lwin Co., Ltd မှ သွင်းကုန်လိုင်စင်အမှတ် MSEQILV 1920 02216 (27-12-2019), ID No. 181162(24-3-2020) ဖြင့် တင်သွင်းလာသော Brand New (Ageing Stock) Light Truck (LHD), Brand Name-SOJEN (5) UNITS, Engine Power-57 KW, Model Year-2017 (မျက်မြင်စစ်ဆေးတွေ့ရှိချက် MDL-2016) စုစုပေါင်းခန့်မှန်း တန်ဖိုးကျပ် ၄၉,၀၀၀,၀၀၀ ကို မူဆယ် ၁၀၅ မိုင် OSS ယာဉ်/ယန္တရားမြေပြင်စစ်ဆေးရေးပူးပေါင်းအဖွဲ့မှ ၂၃-၄-၂၀၂၀ ရက်နေ့တွင်စစ်ဆေးခဲ့ရာ SOJEN Light Truck များ၏ မူလဘောင်အမှတ်နေရာအားကျောက်စက်ဖြင့်စား၍ ၎င်းနေရာတွင် ဘောင်အမှတ်သစ်ပြုလုပ်ခြင်း (Re-Stamped)နှင့် ယာဉ်၏အစိတ်အပိုင်းများတွင်လည်း MDL-2016 များသာတွေ့ရှိခဲ့မှုနှင့် ပတ်သက်၍ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန်ညွှန်ကြားအကြောင်းကြားလာသောကြောင့် အမှုတွဲဖွင့်လှစ်အရေးယူခဲ့ပြီး အခင်းဖြစ်ယာဉ် ၅ စီးသည် တရားဝင် သွင်းကုန်လိုင်စင်ဖြင့် တင်သွင်းလာခဲ့သည်မှာမှန်သော်လည်း စီမံကိန်းနှင့်ဘဏ္ဍာ ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၇ ဖြင့်ထုတ်ပြန်ထားသော ပြည်ပမှတင်သွင်းသည့်ကုန်ပစ္စည်းများ အား ခွင့်ပြုချက် သတ်မှတ်ချက်တို့နှင့် ဆန့်ကျင်ကွဲလွဲ၍ တင်သွင်းခြင်းအပေါ် အရေးယူဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်းဇယား (၇)၊ (၈) အရ Chassis No/Vin Code တို့ကိုပြင်ဆင်ပါက သတ်မှတ်ဘောင်အတွင်း အကျုံးဝင်သည် ဖြစ်စေ၊ အကျုံးမဝင်သည်ဖြစ်စေ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရမည်ဟု ပြဋ္ဌာန်းထားခြင်းနှင့် အခင်းဖြစ်ပစ္စည်းများအား ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၇ (၁) တို့အရ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရမည်ဖြစ်ခြင်းတို့ကြောင့် သိမ်းဆည်းခဲ့သည်ကို လျှောက်ထားသူမှ ကျေနပ်မှုမရှိသဖြင့် အခွန်အယူခံခုံအဖွဲ့ထံသို့ တင်သွင်းလျှောက်ထားခဲ့ရာ ခုံအဖွဲ့မှ ၁၄-၁-၂၀၂၃ ရက်နေ့တွင် ပလပ်ခဲ့ပါသဖြင့် Wai Wai Lwin Co., Ltd မှ ပြန်လည်သုံးသပ်မှုလျှောက်ထားလာသောအမှုဖြစ်ပါသည်။

အခွန်အယူခံခုံအဖွဲ့သည် နှစ်ဖက်ပုဂ္ဂိုလ်များ၏လျှောက်လဲတင်ပြချက်များကိုကြားနာပြီးဖြစ်သည့်အပြင် အမှုတွဲပါ စာတမ်းအမှတ်အသားများ သက်သေခံချက်များကို အသေးစိတ်သေချာစွာ ကြည့်ရှုလေ့လာခဲ့ပါသည်။ ထိုသို့လေ့လာခဲ့ရာ တွင် အခင်းဖြစ်မော်တော်ယာဉ် (၅) စီးသည် တရားဝင်သွင်းကုန်လိုင်စင်ဖြင့်တင်သွင်းခဲ့သည်မှာမှန်သော်လည်း မူဆယ် (၁၀၅) မိုင် (OSS) ယာဉ်/ယန္တရား မြေပြင်စစ်ဆေးရေးပူးပေါင်းအဖွဲ့မှ ၂၃-၄-၂၀၂၀ ရက်နေ့တွင်စစ်ဆေးခဲ့ရာ အဆိုပါ မော်တော်ယာဉ်များသည် မူလစက်ရုံထုတ်မဟုတ်ဘဲ မူလဘောင်အမှတ်အားကျောက်စက်ဖြင့်စား၍ ၎င်းနေရာတွင်ဘောင် အမှတ်သစ် (Re-Stamped) ပြုလုပ်ထားကြောင်းနှင့် ယာဉ်၏အစိတ်အပိုင်းများတွင်လည်း MDL-2016 များသာစစ်ဆေး တွေ့ရှိခဲ့ခြင်းတို့ကြောင့် သွင်းကုန်လိုင်စင်တွင် ခွင့်ပြုဖော်ပြထားသော ယာဉ်များမဟုတ်ဘဲ ခွင့်ပြုချက်၊ သတ်မှတ်ချက်များ

နှင့် ဆန့်ကျင်ကွဲလွဲ၍ တင်သွင်းလာသော ယာဉ်များသာဖြစ်သည်ဟု သုံးသပ်ရပါကြောင်း၊ မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သောလုပ်ငန်းများကြီးကြပ်ရေးကော်မတီအစည်းအဝေး ၄/၂၀၁၆ ၏ ဆုံးဖြတ်ချက်နှင့်အညီ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ညွှန်ကြားချက် ၁/၂၀၁၇ ဖြင့် ၁-၃-၂၀၁၇ ရက်နေ့မှစတင်၍ ပြည်ပမှတင်သွင်းလာသည့်ယာဉ်များကို ကနဦးစစ်ဆေးချက်အရ ဘောင်အမှတ်ဖောက်ထည့်ထားခြင်း၊ ဘောင်အမှတ်ပြန်ရိုက်ထားခြင်းကိုတွေ့ရှိရပါက မှတ်ပုံတင်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးခြင်းမပြုဟု ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ၁၀-၁-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၇ ၏ ဇယားအမှတ်စဉ် ၇ နှင့် ၈ တို့အတွက် မှတ်ချက်စာတိုင်တွင် "Chassics No./Vin Code တို့ကို ပြင်ဆင်ထားပါက သတ်မှတ်ဘောင်အတွင်း အကျုံးဝင်သည်ဖြစ်စေ၊ အကျုံးမဝင်သည်ဖြစ်စေ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်" ဟု ဖော်ပြထားသည်ကိုတွေ့ရှိရပါကြောင်း၊ ယခုဖြစ်စဉ်တွင် သတ်မှတ်ဘောင်ကာလအတွင်းနှိမ့်ခြင်းရိုးရိုးသာကွဲလွဲမှုဖြစ်ပါက ပြစ်ဒဏ်အနေဖြင့် 1/24AV သာပေးဆောင်ရမည်ဖြစ်သော်လည်း Chassics No./Vin Code ကို ကျောက်စက်ဖြင့်စား၍ ပြင်ဆင်ထားသည်မှာထင်ရှားသဖြင့် ဇယားအမှတ်စဉ်၏ မှတ်ချက်ပါသတ်မှတ်ချက်အရ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းသည်အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့်ထုတ်ပြန်ထားသည့်အမိန့်ကြော်ငြာစာပါသတ်မှတ်ချက်နှင့်အညီသာဆောင်ရွက်ထားခြင်းဖြစ်သည်ဟု ယခင်အယူခံမှုတွင်လည်း သုံးသပ်ထားပြီးဖြစ်ပါကြောင်း၊ စာတမ်းအမှတ်အသားများယွင်းမှုအတွက် လျှောက်ထားသူမှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပြီး ဆောင်ရွက်ဆဲဖြစ်ပါသဖြင့် မူဆယ်မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးအမိန့်တွင် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၈၃ အားပစ်ပယ်မျက်ကွယ်ပြုဆုံးဖြတ်ခဲ့ခြင်း၊ အယူခံမှု၌ ပုဒ်မ ၁၈၃ အား ထည့်သွင်းသုံးသပ်ခဲ့သော်လည်း အခါခပ်သိမ်းဆောင်ရွက်ရန်မဟုတ်ကြောင်းသုံးသပ်ခဲ့ပြီး အယူခံမှုကိုပလပ်ခဲ့ခြင်းအစား အခါခပ်သိမ်းမဟုတ်ရဘဲ ယခုတစ်ကြိမ်အားငဲ့ညှာ၍ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၈၃ အရ သင့်လျော်ထင်မြင်သည့်ဒဏ်ငွေကို ပစ္စည်းပိုင်ရှင်ကပေးဆောင်ရွေးနုတ်ခွင့်ပြုစေသည့် အမိန့်တစ်ရပ်ချမှတ်ပေးပါရန် လျှောက်ထားခြင်းသာဖြစ်ပါကြောင်း၊ မူဆယ်မြို့နယ်အကောက်ခွန်ဦးစီးဌာနအနေဖြင့်အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၏ ညွှန်ကြားချက်အရအခင်းဖြစ်ယာဉ်များကိုသိမ်းဆည်းရမည်ဖြစ်သော်လည်း လျှောက်ထားသူများ၏ မေတ္တာရပ်ခံချက်အရ ရွေးယူဒဏ်ကြေးဖြင့်ခွင့်ပြုနိုင်ရန် အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)သို့ ထပ်မံတင်ပြပေးခဲ့သော်လည်း အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အနေဖြင့် ရွေးယူဒဏ်ကြေးဖြင့်ရွေးယူခွင့်မပြုဘဲသိမ်းဆည်းရန် ၁၂-၆-၂၀၂၀ ရက်နေ့တွင်အမိန့်ချမှတ်ခဲ့ကြောင်း ညွှန်ကြားရေးမှူးချုပ်၏ဆုံးဖြတ်ချက်သည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၈၃ အရ စဉ်းစားဆုံးဖြတ်ပေးခဲ့ပြီးဖြစ်ကြောင်းနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၇ ၏ အပိုဒ် (၄) နှင့်လည်း ကွဲလွဲမှုမရှိဟုသုံးသပ်ရပါကြောင်း၊ပြစ်မှုနှင့်ပြစ်ဒဏ်မျှတစေရေး၊ တန်းတူညီမျှဖြစ်စေရေးတို့အတွက် ထုတ်ပြန်ထားသည့်အမိန့်ကြော်ငြာစာပါ လုပ်ထုံးလုပ်နည်းသတ်မှတ်ချက်အရ ရွေးယူဒဏ်ဖြင့်ခွင့်ပြုပေးနိုင်ခြင်းမရှိဘဲ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန်သတ်မှတ်ထားသည့်ကိစ္စတွင် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၈၃ အရ စဉ်းစားသုံးသပ်ပေးနိုင်မည်မဟုတ်ပါကြောင်း၊ သို့ဖြစ်ရာအခင်းဖြစ်မော်တော်ယာဉ်များကို ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၇(၁) တို့အရ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းသည့် အမိန့်ချမှတ်ခဲ့ခြင်းသည် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ အကောက်ခွန်ဦးစီးဌာနက ဆောင်ရွက်ထားခဲ့ခြင်းဖြစ်သည်ဟု သုံးသပ်ရရှိပါကြောင်း၊ အထက်ပါ ပေါ်ပေါက်ချက်များအရ အကောက်ခွန်ဦးစီးဌာန၏ ၃-၇-၂၀၂၀ ရက်စွဲပါ သက်သေခံယာဉ်များအား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့သည့်အမိန့်ကို ပယ်ဖျက်ရန်သော်လည်းကောင်း၊ ယင်းအမိန့်ကိုဆက်လက်အတည်ပြုခဲ့သည့် အခွန်အယူခံခုံအဖွဲ့၏ ၁၄-၁-၂၀၂၁ ရက်စွဲပါ စီရင်ချက်အမိန့်ကို ပြန်လည်သုံးသပ်ရန်သော်လည်းကောင်း ဆောင်ရွက်ရန်အကြောင်းမရှိဟု သုံးသပ်ရရှိသည်။

သို့ဖြစ်၍ အောက်ပါအတိုင်း အမိန့်ချလိုက်သည်-

**အမိန့်**

အခွန်အယူခံခုံအဖွဲ့၏ ၁၄-၁-၂၀၂၁ ရက်စွဲပါ၊ ၂၀၂၀ ပြည့်နှစ်၊ အကောက်ခွန်အယူခံမှုအမှတ် ၂၅ တွင် ချမှတ်ခဲ့သည့်အမိန့်ကို အတည်ပြု၍ ဤပြန်လည်သုံးသပ်ပေးစေလိုမှုကို ပလပ်လိုက်သည်။

| | | |
|---|---|---|
| ဒေါ်မျကြည်ညွန့် | ဦးကြည် | ဝင်းတင် |
| အဖွဲ့ဝင် | ခုံအဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင် |
| | အခွန်အယူခံခုံအဖွဲ့ | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အခွန်အယူခံခုံအဖွဲ့

## ၂၀၂၁ ခုနှစ်၊ အကောက်ခွန်ပြန်လည်သုံးသပ်မှုအမှတ်-၂၁

| လျှောက်ထားသူ | | လျှောက်ထားခံရသူ |
|---|---|---|
| ဒေါ်နန်းအောင်ခမ်း<br>မန့်ဟောင်းရွာ၊ မန့်ဟောင်းကျေးရွာအုပ်စု<br>နမ့်ခမ်းမြို့၊ ရှမ်းပြည်နယ်။ | နှင့် | မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူး၊<br>အကောက်ခွန်ဦးစီးဌာန၊ လားရှိုးမြို့၊<br>ရှမ်းပြည်နယ်။ |
| လျှောက်ထားသူအတွက် လိုက်ပါ<br>ဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဦးရဲမြင့်<br>တရားလွှတ်တော်ရှေ့နေ။ |
| လျှောက်ထားခံရသူအတွက် လိုက်ပါ<br>ဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဦးပိုင်သူမိုးအောင်<br>(ဌာနဆိုင်ရာကိုယ်စားလှယ်)<br>အကောက်ခွန်ဦးစီးဌာန။ |
| အမိန့်ချမှတ်သည့်ရက်စွဲ | - | ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက် |

### စီရင်ချက်

အမှုမှာ ၁-၃-၂၀၂၀ ရက်နေ့ ၀၈:၁၅ နာရီ အချိန်ခန့်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ ဌာနဆိုင်ရာပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး၊ မိုင်တိုင်အမှတ် (၁၉၉) မိုင် (၄) ဖာလုံ၊ ပိန်းဆာရွာအနီးတွင် ခွင့်ပြုချက်စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Ammonium Nitrate ဟုယူဆရသည့် တရုတ်နိုင်ငံထုတ် ဓာတ်မြေသြဇာ (၂၁၅) အိတ်၊ Potassium Nitrate ဟုယူဆရသည့် Root Power တံဆိပ်(၁၅)အိတ်၊ 816 တံဆိပ်ပါ Urea (၂၀) အိတ်နှင့်Carbon Energy တံဆိပ်ပါ Fertilizer အရည် (၁၀) ပုံးအား တင်ဆောင်လာသည့် NISSAN DIESEL TRUCK အမျိုးအစား ယာဉ်အမှတ် (6Q/1659) အားစစ်ဆေးတွေ့ရှိရသဖြင့် ပစ္စည်းများနှင့်အတူ သယ်ဆောင်လာသော ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့မှုအပေါ် ကျေနပ်မှုမရှိ၍ အခွန်အယူခံခုံအဖွဲ့သို့ အကောက်ခွန်အယူခံမှုအမှတ် ၃၉/၂၀၂၀ဖြင့် အယူခံမှု တင်သွင်းခဲ့သော်လည်း ခုံအဖွဲ့မှ ပလပ်လိုက်သဖြင့် ပြန်လည်သုံးသပ်ပေးစေလိုမှု လျှောက်ထားလာသည့် အမှုဖြစ်သည်။

လျှောက်ထားသူ၏ အဓိကတင်ပြလျှောက်လဲချက်မှာ ဓာတ်မြေသြဇာအိတ်များ၊ ဓာတ်မြေသြဇာအရည်ပုံးများနှင့်အတူ ၎င်းပစ္စည်းများသယ်ဆောင်လာသည့်ယာဉ်အမှတ် (6Q/1659)ကို ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၈ အရ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းသည့် အမိန့်ချခဲ့ပါကြောင်း၊ အမှုနှင့်သက်ဆိုင်ခြင်းမရှိသော တတိယပုဂ္ဂိုလ်ဖြစ်သည့် ယာဉ်ပိုင်ရှင်လျှောက်ထားသူအတွက် များစွာနစ်နာဆုံးရှုံးရသောကြောင့် အဆိုပါသိမ်းဆည်းသည့်အမိန့်ကို ပြန်လည်ပယ်ဖျက်ပြင်ဆင်ပေးနိုင်ရေးအတွက် အခွန်အယူခံခုံအဖွဲ့သို့ အယူခံမှုတင်သွင်းလျှောက်ထားခဲ့ရာ အယူခံမှုအား ပလပ်သည့်အမိန့်ချမှတ်ခဲ့သဖြင့် ပြန်လည်သုံးသပ်ပေးစေလိုမှု တင်သွင်းရခြင်းဖြစ်ကြောင်း၊ အခင်းဖြစ်ယာဉ်အား လျှောက်ထားသူက ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးစိုင်းကျော်တင့်ထံ ငှားရမ်းထားကြောင်း၊ အခင်းဖြစ်ကိစ္စကို ဖြစ်ပွားပြီး (၂) လ ကျော်ကြာမှ ရေပူစစ်ဆေးရေးဂိတ်သို့ သွားရောက်စုံစမ်းမှသိရ၍ လျှောက်ထားသူအနေဖြင့် ကြိုတင်သိရှိခြင်းမရှိသကဲ့သို့ ပူးပေါင်းပါဝင်ခြင်း၊ အားပေးကူညီခြင်း မရှိခဲ့ပါကြောင်းကို မူလအကောက်ခွန်အယူခံမှုတွင် တင်ပြပြီးဖြစ်ကြောင်း၊ အကောက်ခွန် အယူခံမှုစီရင်ချက်အမိန့်တွင် ဖော်ပြသည့်လျှောက်ထားခံရသူ၏ လျှောက်လဲချက်ပါ ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅၊ မြေသြဇာဥပဒေကို ပြင်ဆင်သည့်ဥပဒေပုဒ်မ ၁၆ ပါ အချက်များနှင့် ကိုက်ညီမှုမရှိကြောင်း ဖော်ပြထားသော်လည်း ယင်းပုဒ်မမှာ ဓာတ်မြေသြဇာကို ပြည်တွင်းထုတ်လုပ်သည့် ခွင့်ပြုမိန့်ရလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားသော စည်းကမ်းချက်များအား ပြဋ္ဌာန်းခြင်းသာဖြစ်၍ တိုက်ရိုက်စပ်ဆိုင်မှု မရှိကြောင်း၊ ဤအမှုတွင် ပြည်ပမှ ခွင့်ပြုချက်မရှိဘဲ တရားမဝင်တင်သွင်း သယ်ဆောင်ခဲ့ခြင်းဖြစ်၍ ဓာတ်မြေသြဇာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်း

ခဲ့ပြီးဖြစ်ကြောင်း၊ သက်သေခံမော်တော်ယာဉ်အား စီမံခန့်ခွဲရာတွင် လျှောက်ထားခံရသူတင်ပြသည့် ဥပဒေပြဋ္ဌာန်းချက်များသည် စပ်ဆိုင်သည့် ပြဋ္ဌာန်းချက်များ မဟုတ်သဖြင့် ထည့်သွင်းစဉ်းစားရန် လိုအပ်မည်မဟုတ်ကြောင်း၊ အခင်းဖြစ်ဓာတ်မြေဩဇာများအား ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၇ (၁) တို့အရ သိမ်းဆည်းခဲ့သည့်နည်းတူ အခင်းဖြစ်ပစ္စည်းသယ်ဆောင်ခဲ့သည့် မော်တော်ယာဉ်ကိုလည်း ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၈ အရ သိမ်းဆည်းခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါမော်တော်ယာဉ်နှင့် စပ်လျဉ်း၍အမှုဖြစ်အကြောင်းခြင်းရာပေါ်မူတည်၍ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၈၃၊ ၁၈၈ တို့နှင့် အညီ စိစစ်ဆုံးဖြတ်ရန် ဖြစ်ပါကြောင်း၊ လျှောက်ထားခံရသူတင်ပြသည့် ဦးစစ်ထင်နှင့်အကောက်ခွန်မင်းကြီး စီရင်ထုံးပါ အမှုနှင့် ယခုအမှုသည်အရေးယူပုံခြင်းမတူကြောင်း၊ စီရင်ထုံးပါအမှုတွင် ကုန်ပစ္စည်း(ကွမ်းသီး)များကို အရေးကြီးကုန်ပစ္စည်းနှင့် ဆောင်ရွက်မှုများအက်ဥပဒေအရ တရားစွဲအရေးယူပြီးနောက် သယ်ဆောင်သည့်ယာဉ်(စက်လှေ)ကို ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၈ အရ သီးခြားအရေးယူခြင်းဖြစ်ကြောင်း၊ ယခုအမှုမှာ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေအရသာ အရေးယူခြင်းဖြစ်ကြောင်း၊ မော်တော်ယာဉ်အားပိုင်ရှင်ဖြစ်သူကို ပြန်လည်ပေးအပ်စေရန် အမိန့်ချမှတ်ထားသည့် ဦးလှစိန်နှင့်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပါ-၂ စီရင်ထုံးနှင့် ဦးပါလေးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်စီရင်ထုံး တို့ကို တင်ပြအပ်ပါကြောင်း၊ အခင်းဖြစ်မော်တော်ယာဉ်ကို ငှားရမ်းသူဦးစိုးကျော်တင့်က တရုတ်ပြည်မှ တရားမဝင်ကုန်ပစ္စည်း တင်သွင်းလာခြင်းအပေါ် လျှောက်ထားသူ(ယာဉ်ပိုင်ရှင်)က သိရှိခြင်း၊ အားပေးကူညီခြင်းမရှိသဖြင့် အယူခံမှုတွင် ချမှတ်ခဲ့သော အမိန့်ကို ပြန်လည်သုံးသပ်ပေးပါရန်တင်ပြထားသည်။

လျှောက်ထားခံရသူ၏ အဓိကတင်ပြချက်မှာ စိုက်ပျိုးရေးဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင်ထားခြင်းနှင့် တရားဝင်တင်သွင်းခွင့်ပြုထားသည့် ဓာတ်မြေဩဇာမျိုးတွင်ပါဝင်မှုမရှိခြင်း၊ တင်သွင်းခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ တရားမဝင်တင်သွင်းလာခြင်း၊ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းခြင်းကို ကန့်သတ်ပိတ်ပင်ထားသည့် ကုန်ပစ္စည်းဖြစ်ခြင်းတို့ကြောင့် Ammonium Nitrate ပါဝင်သည့်ဓာတ်မြေဩဇာအားတရားမဝင်သယ်ဆောင်လာခြင်းသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၅ (၃) တို့အား ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သဖြင့် အခင်းဖြစ်ပစ္စည်းများကို ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၇ (၁) တို့အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည့်အပြင် အခင်းဖြစ်ပစ္စည်း သယ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် မော်တော်ယာဉ်ကိုလည်း ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၈ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဖြစ်ပါကြောင်း၊ အခင်းဖြစ်မော်တော်ယာဉ်ပေါ်၌ တင်ဆောင်လာခဲ့သည့်ဓာတ်မြေဩဇာသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဓာတုဗေဒစစ်ဆေးရေးဌာနခွဲမှ အကြောင်းပြန်ကြားချက်အရ ထိန်းချုပ်ဓာတုပစ္စည်းAmmonium Nitrate ဖြစ်ကြောင်း၊ တင်သွင်းခွင့် အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တရားမဝင်တင်သွင်းလာခြင်းဖြစ်ကြောင်း၊ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေအရ Ammonium Nitrate သည် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းဖြစ်ပြီး တင်သွင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်းအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ခွင့်ပြုချက်ရယူရန် ပြဋ္ဌာန်းထားကြောင်း၊ တရားမဝင်ကုန်ပစ္စည်းများသယ်ဆောင်ရာတွင် အသုံးပြုသည့်မော်တော်ယာဉ်အား အရေးယူခြင်းနှင့်ပတ်သက်၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ညွှန်ကြားချက်အမှတ် ၇၆/၉၉ အရ ပိတ်ပင်တားမြစ်ထားသည့် ကုန်ပစ္စည်းများဖြစ်သဖြင့် မော်တော်ယာဉ်အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဖြစ်ကြောင်း၊ စည်းမျဉ်းကန့်သတ်ထားဆဲဖြစ်သည့် ပစ္စည်းတစ်ခုခုကို စည်းမျဉ်းကန့်သတ်ချက်များနှင့်ဆန့်ကျင်၍ တင်သွင်းလာခြင်းဖြစ်ပြီး ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၅ (၃) တို့ကို ချိုးဖောက်ကျူးလွန်ကြောင်းထင်ရှားသဖြင့် အခင်းဖြစ်ပစ္စည်းများ သယ်ဆောင်ရာတွင် အသုံးပြုသောမော်တော်ယာဉ်အား ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၈ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းအရေးယူခဲ့ခြင်းသည် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ မှန်ကန်စွာဆောင်ရွက်ထားပြီးဖြစ်ခြင်း၊ မူလအယူခံမှုတွင်လည်း ကျယ်ကျယ်ပြန့်ပြန့်သုံးသပ်ဆုံးဖြတ်ပြီးဖြစ်ခြင်း၊ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားချက်များမှာလည်း မူလအယူခံရုံး၏စီရင်ဆုံးဖြတ်ချက်ကို ပြန်လည်ပြင်ဆင်ပေးနိုင်လောက်သည့် အချက်အလက်တစ်စုံတစ်ရာ တင်ပြနိုင်မှုမရှိခြင်းတို့ကြောင့် ပြန်လည်သုံးသပ်ပေးစေလိုမှု လျှောက်ထားချက်ကို လက်ခံရန်မသင့်ပါကြောင်း လျှောက်ထားတင်ပြသည်။

အခွန်အယူခံခုံအဖွဲ့သည် နှစ်ဖက်လျှောက်လဲတင်ပြချက်များကို ကြားနာခဲ့ပြီးအမှုတွဲပါ ပေါ်ပေါက်ချက်များကို လေ့လာစိစစ်ရာတွင် လျှောက်ထားချေပချက်များ၊ အမှုတွဲပါနှင့် သီးခြားရာဖွေ လေ့လာခဲ့သည့် အထောက်အထားများအရ အောက်ပါအတိုင်း သုံးသပ်တွေ့ရှိသည်-

လျှောက်ထားသူ၏တင်ပြချက်များတွင် မူလအယူခံမှုတွင် တင်ပြချက်များနှင့် အလားတူ တင်ပြမှုများကိုသာ တွေ့ရှိရပြီး ခုံအဖွဲ့အနေဖြင့် ပြန်လည်ဆင်ခြင်သုံးသပ်သင့်သည့် အချက်အလက်များ တင်ပြနိုင်ခြင်းမရှိဘဲ အယူခံမှုတွင် လျှောက်ထားခံရသူ ဌာနဆိုင်ရာဘက်မှ တင်ပြချက်များအပေါ် ထပ်မံရှင်းလင်းတင်ပြချက်အများစုကိုသာ တွေ့ရှိရသည်။ အမှုဖြစ်စဉ်အရ သက်သေခံမော်တော်ယာဉ်ကို သိမ်းဆည်းခဲ့ခြင်းသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေနှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ အရေးယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် တင်သွင်းလာသော ကုန်ပစ္စည်းများသည် ဥပဒေ၊ အမိန့်ကြော်ငြာစာတစ်ရပ်ရပ်ဖြင့် ပိတ်ပင်တားမြစ်ထားသော ကုန်ပစ္စည်းဟုတ် မဟုတ်၊ သက်ဆိုင်ရာ၏ ခွင့်ပြုချက်ဖြင့် တင်သွင်းရမည့် ကန့်သတ်တားမြစ်ထားသော ကုန်ပစ္စည်းဟုတ် မဟုတ်ကို စိစစ်ရန်လိုသည်။ တားမြစ်ချက် သို့မဟုတ် စည်းမျဉ်းကန့်သတ်ချက်များနှင့် ဆန့်ကျင်၍ တင်သွင်းတင်ပို့သော ကုန်ပစ္စည်းများ ဖြစ်ပါက ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေနှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်ရခြင်းဖြစ်သည်။ သို့ဖြစ်၍ အခင်းဖြစ်ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ တားမြစ်ချက်ရှိ မရှိ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာများကိုဖော်ပြသုံးသပ်ခြင်းမှာ မှားယွင်းသည်ဟုမဆိုနိုင်ပေ။ သက်သေခံပစ္စည်းများသယ်ဆောင်ရာတွင် အသုံးပြုသောမော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်း သို့မဟုတ် ဒဏ်ကြေးငွေဖြင့်ပြန်လည်ရွေးယူခွင့်ပြုခြင်းကို ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေတွင် ပြဋ္ဌာန်းထားသည်။ မည်သည့် အခြေအနေမျိုးတွင် သိမ်းဆည်းရမည် သို့မဟုတ် ရွေးယူဒဏ်ငွေတပ်ရိုက်၍ ပြန်ပေးရမည်ကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ဥပဒေအရ ထုတ်ပြန်သတ်မှတ်ထားသည့် အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရသည်။ အခင်းဖြစ်ပွားသည်မှာ ၁-၃-၂၀၂၀ ရက်နေ့ဖြစ်သောကြောင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ ၃၀-၆-၁၉၉၉ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၇၆ / ၉၉ ကိုလိုက်နာရန်ဖြစ်ကြောင်းတွေ့ရှိရသည်။ အခင်းဖြစ်ပစ္စည်းများသည် ယင်းညွှန်ကြားချက် အပိုဒ် ၄၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁)တွင် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ တင်သွင်းခြင်း တင်ပို့ခြင်း မပြုလုပ်ရန် လုံးဝတားမြစ်ထားသောကုန်ပစ္စည်း ဖြစ်သည့်အပြင် ယာဉ်ပိုင်ရှင်ကဖြစ်စေ၊ ယင်း၏ကိုယ်စားတိုက်ရိုက်တာဝန်ခံသူကဖြစ်စေ အဆိုပါ ကုန်ပစ္စည်း သယ်ဆောင်သည့်ကိစ္စတွင် ပူးပေါင်းပါဝင်ကျူးလွန်ခြင်းဖြစ်ပါက အဆိုပါ ကုန်ပစ္စည်းသယ်ဆောင်သည့်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရပါမည်ဟူ၍ ညွှန်ကြားထားသည်။ ယခုအမှုတွင် သက်သေခံ Ammonium Nitrate များသည် ခွင့်ပြုချက်မရှိဘဲ တင်သွင်းခြင်းမပြုရန် တားမြစ်ထားသောကုန်ပစ္စည်းများဖြစ်ကြောင်း ပေါ်ပေါက်သည်။ ယာဉ်ပိုင်ရှင် သို့မဟုတ် ယင်း၏ကိုယ်စားတိုက်ရိုက်တာဝန်ခံသူက ပူးပေါင်းပါဝင်ကျူးလွန်ခြင်း ရှိ မရှိ နှင့်စပ်လျဉ်း၍ ယာဉ်ပိုင်ရှင် (လျှောက်ထားသူ)က အခင်းဖြစ်ကုန်ပစ္စည်းများ သယ်ဆောင်ခြင်းကို လုံးဝမသိရှိခဲ့ပါ ဟူသောတင်ပြချက်မှာ မှန်ကန်သည် ဖြစ်စေကာမူ အခင်းဖြစ်ချိန်က အခင်းဖြစ်ကုန်ပစ္စည်းများကို သယ်ဆောင်လာသူယာဉ်မောင်းသည် ယာဉ်ပိုင်ရှင်ထံမှ ယာဉ်ကို ငှားရမ်းမောင်းနှင်နေသူဖြစ်၍ ယာဉ်ပိုင်ရှင်၏ကိုယ်စား တိုက်ရိုက်တာဝန်ခံသူ၊ တစ်နည်းအားဖြင့် အခင်းဖြစ်ချိန်တွင် ယာဉ်ကို စီမံခန့်ခွဲသူ ဖြစ်သည်မှာ ထင်ရှားသည်။ အခင်းဖြစ်ပွားပြီးနောက် ယာဉ်မောင်းသည် ထွက်ပြေးတိမ်းရှောင်နေကြောင်း ပေါ်ပေါက်ချက်အရ အခင်းဖြစ်စဉ်တွင် ပူးပေါင်းပါဝင်ကျူးလွန်ကြောင်း မူလအယူခံမှုတွင် ခုံအဖွဲ့က သုံးသပ်ခဲ့ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ကြောင်း တွေ့ရှိရသည်။ သို့ဖြစ်၍ အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်-

**အမိန့်**

လားရှိုးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက ချမှတ်ခဲ့သည့် မူလအမိန့်ကိုလည်းကောင်း၊ အခွန်အယူခံခုံအဖွဲ့၏ ၂၀၂၀ ပြည့်နှစ်၊ အကောက်ခွန်အယူခံမှုအမှတ် ၃၉ တွင် ခုံအဖွဲ့ကချမှတ်ခဲ့သော အမိန့်ကိုလည်းကောင်း ပြန်လည်သုံးသပ်ပေးပါရန် လျှောက်ထားခြင်းကို ပလပ်လိုက်သည်။

| | | |
|---|---|---|
| ဖေယျာကြည်ညွန့် | ရီရီမြင့် | ဦးကြည် |
| အဖွဲ့ဝင် | အဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင် |
| | အခွန်အယူခံခုံအဖွဲ့ | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၄)**

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်)

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ၊ ဝန်ကြီးရုံး၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်စွဲပါ စာအမှတ်၊ ရထ-၂/မလ (ကညန)/၂၀၂၄ (၂၁၆၃) ဖြင့် ခွင့်ပြုချက်အရ တပ်ပိုင်စာရင်းမှပယ်ဖျက်၍ New Boneo Co.,Ltd သို့ အပြီးအပိုင်လွှဲပြောင်းပေးခဲ့ပြီးဖြစ်သော တပ်ပိုင်ယာဉ်အမှတ်၊ ကြယ် ၈၅၁၄ (လ)၊ အရပ်ယာဉ်အမှတ်၊ 5S-9369 အမျိုးအမည်-Genesis G-90 (2023 Model) (LHD) (Capri Blue Colour)၊ ဘောင်အမှတ်၊ KMTFE11DDPU039076 ယာဉ် (၁) စီးကို အထူးကိစ္စရပ်အဖြစ် ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ ကင်းလွတ်ခွင့် ပြုထားသည့် ယာဉ်ဖြစ်ခြင်း၊ ဌာနကထုတ်ပြန်ထားသော မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေ၊ ရုံးအမိန့်၊ ညွှန်ကြားချက်များအရ ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ၊ ကနဦးမှတ်ပုံတင်ခနှင့် ယာဉ်ထုတ်ရက်လွန်ဒဏ်ကြေး တို့ကို ကင်းလွတ်ခွင့်ပြုနိုင်ခြင်းတို့ကြောင့် ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၂ (က) အရ ဖောင်းကြွနံပါတ်ပြားခမှအပ ယာဉ်မှတ်ပုံတင်လုပ်ငန်းနှင့်ပတ်သက်သည့် အခငွေများကို ကင်းလွတ်ခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၉၅/၂၀၂၄)**

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

ကာကွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၄ ဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြု ခဲ့သော အောက်ဖော်ပြပါ တပ်မတော်အရာရှိ (၆) ဦးတို့အား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်တွင် လစ်လပ်လျက်ရှိသည့် ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ရာထူး နေရာများသို့ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက် နံနက်ပိုင်းမှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုလိုက်သည်-

| စဉ် | ပြန်တမ်းဝင်အမှတ် အဆင့်၊ အမည် | ခန့်အပ်မည့် ရာထူး | လစာနှုန်း(ကျပ်) |
|---|---|---|---|
| (က) | ကြည်း ၅၄၁၃ ဗိုလ်ကြီး အောင်တိုး | လက်ထောက်ကထိက(အင်္ဂလိပ်စာ) | ၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀ |
| ( ခ ) | ကြည်း ၅၂၄၁၅ ဗိုလ်ကြီး နေမျိုးဝင်း | လက်ထောက်ကထိက(အင်္ဂလိပ်စာ) | ၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀ |
| ( ဂ ) | ကြည်း ၅၂၄၇၁ ဗိုလ်ကြီး သူရိန်ထွန်း | လက်ထောက်ကထိက(အင်္ဂလိပ်စာ) | ၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀ |
| (ဃ) | ကြည်း ၄၃၆၆၃ ဗိုလ်ကြီး သိန်းဇော်လတ် | လက်ထောက်ကထိက(ကွန်ပျူတာ) | ၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀ |
| ( င ) | ကြည်း ၄၃၉၅၈ ဗိုလ်ကြီး စိုးသူဦး | လက်ထောက်ကထိက(ကွန်ပျူတာ) | ၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀ |
| ( စ ) | ကြည်း ၄၄၄၄၀ ဗိုလ်ကြီး ကျော်ဇင်သန့် | လက်ထောက်ကထိက(ကွန်ပျူတာ) | ၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀ |

ဗိုလ်ချုပ်ကြီး မြထွန်းဦး

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာ (၆၁၃/၂၀၂၄)

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်)

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၂၁)၊ မြေကွက်အမှတ် (၁၃/ ဃ-၁) ရှိ အစိုးရယက္ကန်းစက် အမည်ပေါက် **မြေဧရိယာ ၁.၄၄၀ ဧက** အနက်မှ **မြေဧရိယာ ၀.၂၇၅ ဧက** ကို လှိုင်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ မြေနေရာအဖြစ် အသုံးပြုရန်အတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ် အပ်နှံခွင့်ပြုပါရန် စက်မှုဝန်ကြီးဌာနက တင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံး၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၈ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၄၂)/၁၂/ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက် သွားရန် အကြောင်းကြားလာပါသည်။

လှိုင်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ မြေနေရာအဖြစ် အသုံးပြုရန်အတွက် စက်မှုဝန်ကြီးဌာနက နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀.၂၇၅ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

### အမိန့်ကြော်ငြာစာ (၆၁၄/၂၀၂၄)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့၊ ဥသျှောမြို့သစ်၊ အမှတ် (၄) ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄)၊ ဦးပိုင်အမှတ် (၄၅၃) ရှိ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနပိုင် **မြေဧရိယာ ၀.၇၅၀ ဧက** အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လွှဲပြောင်းပေးနိုင်ရေးအတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ် အပ်နှံခွင့်ပြုပါရန် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက တင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံး၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၁၂)/၁၂/ကောင်စီရုံးဖြင့် လုပ်ထုံး လုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လွှဲပြောင်းပေးနိုင်ရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနက နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀.၇၅၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

### (ဝန်ကြီးရုံး)

### အမိန့်ကြော်ငြာစာအမှတ် (၆၂၅/၂၀၂၄)

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

**ပြည်ပအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများဆိုင်ရာဥပဒေ (မူကြမ်း) ရေးဆွဲရေးကော်မတီ အဖွဲ့ဝင်ဖြည့်စွက်ဖွဲ့စည်းခြင်း**

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ် ၅၂၄/၂၀၂၄ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သော ပြည်ပအဖွဲ့အစည်းများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများဆိုင်ရာဥပဒေ (မူကြမ်း) ရေးဆွဲရေးကော်မတီတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မို့မို့နိုင် ကို အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၅၆/၂၀၂၄)

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၃၇/၂၀၂၄ အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများ စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ဒေါက်တာ မျိုးမင်းကြည်ဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်<br>ဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်<br>ဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၂) | ဒေါ်မြမြဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |

## အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၂၄)

## သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်း

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် **သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး (စီမံကိန်း)<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| (ဂ) | ဒုတိယဝန်ကြီး (ဘဏ္ဍာရေး)<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး (စီမံကိန်း) | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး (ဘဏ္ဍာရေး) | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စီးပွားရေးဘဏ် | အဖွဲ့ဝင် |
| (ည) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် | အဖွဲ့ဝင် |
| (ဋ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် | အဖွဲ့ဝင် |
| (ဌ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | အဖွဲ့ဝင် |
| (ဍ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့အာမခံလုပ်ငန်း | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဒ) | ညွှန်ကြားရေးမှူးချုပ်<br>ပင်စင်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဓ) | ညွှန်ကြားရေးမှူးချုပ်<br>ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး | အဖွဲ့ဝင် |
| (န) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး (စီမံကိန်း) | အဖွဲ့ဝင် |
| (ပ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး (ဘဏ္ဍာရေး) | အဖွဲ့ဝင် |
| (ဖ) | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစာရင်းအင်းအဖွဲ့ | အတွင်းရေးမှူး |
| (ဗ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး (၁) |
| (ဘ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး (၂) |

**လုပ်ငန်းတာဝန်များ**

၂။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ကော်မတီ၏ လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ရန်အတွက် လိုအပ်သောလုပ်ငန်းကော်မတီများ ဖွဲ့စည်းပေးခြင်း၊ အဆင့်ဆင့်သောလုပ်ငန်းများအနက် အရေးကြီးသောလုပ်ငန်းများအား မူဝါဒပေးခြင်း၊ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်တိုးတက်မှုကို ပြန်လည်သုံးသပ်၍ လိုအပ်သလိုလမ်းညွှန်ခြင်း၊

( ခ ) သဘာဝဘေးကြုံတွေ့နေချိန်တွင် ဝန်ကြီးဌာန၏စွမ်းအားစုများကို လိုအပ်သလို ထုတ်နုတ်သုံးစွဲနိုင်ရေး ဆိုင်ရာ မူဝါဒလမ်းညွှန်ချက်များချမှတ်ပေးခြင်း၊

( ဂ ) ပြင်ပမှအကူအညီလိုသည်ဟု ဆုံးဖြတ်သောကိစ္စများအတွက် ပေါင်းစပ်ဆောင်ရွက်ရေးဆိုင်ရာ အခြေခံ မူဝါဒများ ချမှတ်ပေးခြင်း၊

(ဃ) သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများ ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဌာနအဖွဲ့အစည်းများပါဝင်သည့် လုပ်ငန်းအဖွဲ့များကို အဆင့်ဆင့်ဖွဲ့စည်းပေးခြင်း၊

( င ) ဝန်ကြီးဌာန၏အရင်းအမြစ်များအား စီမံခန့်ခွဲလျက် လိုအပ်သောနေရာများသို့ ကူညီပေးခြင်း၊

( စ ) သဘာဝဘေးအန္တရာယ်ကျရောက်သည်နှင့်တစ်ပြိုင်နက် ထိခိုက်ပျက်စီးဆုံးရှုံးမှုများလျော့ပါးရေးအတွက် ရှာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ်တုံ့ပြန်လုပ်ငန်းများကို ချက်ချင်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဆ) သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသရှိ ဘေးသင့်သူများလက်ဝယ်သို့ ကယ်ဆယ်ရေးပစ္စည်းများနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ စနစ်တကျအချိန်မီရောက်ရှိစေရေးအတွက် ဆောင်ရွက်ခြင်း၊

( ဇ ) သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသအတွင်းရှိ နိုင်ငံ့ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စေတနာရှင်များ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအခြား အဖွဲ့အစည်းများ၏ အဖွဲ့ဝင်များအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများတွင် သင့်လျော်သောကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်စေရန် အကူအညီတောင်းခံခြင်းနှင့် အခမဲ့ဝန်ဆောင်မှု ပေးခြင်းကို လက်ခံခြင်း။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၅၉/၂၀၂၄)**

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

**သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် **သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) ညွှန်ကြားရေးမှူးချုပ် ဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီးရုံး (စီမံကိန်း)

| | | |
|---|---|---|
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး (ဘဏ္ဍာရေး) | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး (စီမံကိန်း) | အဖွဲ့ဝင် |
| (ဃ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး (ဘဏ္ဍာရေး) | အဖွဲ့ဝင် |
| (င) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | အထွေထွေမန်နေဂျာ<br>မြန်မာ့စီးပွားရေးဘဏ် | အဖွဲ့ဝင် |
| (ဈ) | အထွေထွေမန်နေဂျာ<br>မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် | အဖွဲ့ဝင် |
| (ည) | အထွေထွေမန်နေဂျာ<br>မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် | အဖွဲ့ဝင် |
| (ဋ) | အထွေထွေမန်နေဂျာ<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | အဖွဲ့ဝင် |
| (ဌ) | အထွေထွေမန်နေဂျာ<br>မြန်မာ့အာမခံလုပ်ငန်း | အဖွဲ့ဝင် |
| (ဍ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန | အဖွဲ့ဝင် |
| (တ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ထ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပင်စင်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဒ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး | အဖွဲ့ဝင် |

( ဓ ) ဒုတိယညွှန်ကြားရေးမှူးချုပ် ဗဟိုစာရင်းအင်းအဖွဲ့ — အတွင်းရေးမှူး

( န ) ဒုတိယညွှန်ကြားရေးမှူးချုပ် စီမံကိန်းရေးဆွဲရေးဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး (၁)

( ပ ) ဒုတိယညွှန်ကြားရေးမှူးချုပ် ပြည်တွင်းအခွန်များဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး (၂)

**လုပ်ငန်းတာဝန်များ**

၂။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများနှင့်ပတ်သက်၍ ဝန်ကြီးဌာနသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ချမှတ်ပေးထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ လုပ်ထုံးလုပ်နည်းများ ရေးဆွဲသတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

( ခ ) သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများအတွက် ပြည်တွင်းအကူအညီများကို စီမံခန့်ခွဲခြင်းနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ပေးအပ်ပါက ပြင်ပအကူအညီများကိုပါ စီမံခန့်ခွဲဆောင်ရွက်ရန်၊

( ဂ ) သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လူထုပညာပေးအစီအစဉ်များနှင့် လုပ်ငန်းစဉ်များတွင် ဝန်ထမ်းများ ပိုမိုပူးပေါင်းပါဝင်လာစေရေး စီမံဆောင်ရွက်ရန်၊

(ဃ) သဘာဝဘေးအရွယ်အစားအရ လုပ်ငန်းစဉ်အလိုက် ပါဝင်ဆောင်ရွက်ပေးရမည့် ဦးစီးဌာန၊ လုပ်ငန်း၊ အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်၊

( င ) ဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များတွင် ကူညီပံ့ပိုးခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်းတို့ဖြင့် သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းအရှိန်အဟုန်ကို မြှင့်တင်ရန်၊

( စ ) သဘာဝဘေး စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေသူများ၏ စွမ်းဆောင်ရည်မြင့်မားတိုးတက်စေရေးအတွက် နည်းပညာပစ္စည်းကိရိယာ၊ ငွေကြေးစသောအရင်းအမြစ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပံ့ပိုးဆောင်ရွက်ပေးရန်၊

(ဆ) ကော်မတီ၏ လုပ်ငန်းတာဝန်များကို ခေတ်ကာလနှင့် လျော်ညီမှုရှိစေရေး အခါအားလျော်စွာ သုံးသပ်ပြင်ဆင်ဆောင်ရွက်ရန်၊

( ဇ ) သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာပေးအပ်သည့်တာဝန်များကို ဆောင်ရွက်သွားရန်၊

( ဈ ) သဘာဝဘေးအန္တရာယ်လျော့ပါးသက်သာစေရေးဆိုင်ရာ ဆွေးနွေးဟောပြောပွဲများနှင့် သဘာဝဘေး အသိပညာပေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန်၊

(ည) သဘာဝဘေးအန္တရာယ်တုံ့ပြန်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

ဝင်းရှိန်
ဥက္ကဋ္ဌ
သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နယ်စပ်ရေးရာဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၈၆/၂၀၂၄)

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

၁။ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့၌ကျင်းပပြုလုပ်သော နယ်စပ်ရေးရာဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၄) ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ လက်ထောက်အတွင်းဝန် ဒေါ်ကျော့ကျော့မွန် ၏ သက်ပြည့်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လ (၁၄-၉-၂၀၂၄ ရက်နေ့မှ ၁၃-၁-၂၀၂၅ ရက်နေ့ထိ) ကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၁၄-၁-၂၀၂၅ ရက်နေ့မှ ၁၃-၅-၂၀၂၅ ရက်နေ့ ညနေပိုင်းထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်ပြီး ခွင့်ရက်များကုန်ဆုံးသည့် ၁၄-၅-၂၀၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

၃။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ လက်ထောက်အတွင်းဝန် ဒေါ်ကျော့ကျော့မွန် အား သက်ပြည့်ပင်စင် ခံစားခွင့်ပြုရန်အတွက် လုပ်သက် ၄၂ နှစ်ပြည့်ရန် လိုအပ်သော ၂ လနှင့် ၂၄ ရက်ကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၄၄၊ နည်းဥပဒေခွဲ (ခ) အရ ဖြည့်စွက်ရေတွက်ခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၈၈/၂၀၂၄)

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့၌ကျင်းပပြုလုပ်သော နယ်စပ်ရေးရာဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၄) ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း) မှ အောက်ဖော်ပြပါ အရာထမ်း (၄) ဦးတို့အား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများတွင် အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|
| (က) | ဒေါက်တာ သူဇာ<br>တွဲဖက်ပါမောက္ခ<br>ဓာတုဗေဒဌာန | ပါမောက္ခ<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ဓာတုဗေဒဌာန၊ ဒီဂရီကောလိပ် (စစ်ကိုင်း) |
| (ခ) | ဒေါ်ဆန်းဆန်းညွန့်<br>တွဲဖက်ပါမောက္ခ<br>ပထဝီဝင်ဌာန | ပါမောက္ခ<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ပထဝီဝင်ဌာန၊ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း) |
| (ဂ) | ဦးအောင်သူစိုး<br>လက်ထောက်ကထိက<br>ဂီတအနုပညာဌာန | ဌာနခွဲမှူး<br>(၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀)<br>ဂီတအနုပညာဌာန၊ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း) |
| (ဃ) | ဦးစံသာထွန်း<br>လက်ထောက်ကထိက<br>စိုက်ပျိုးရေးဌာန | ဌာနခွဲမှူး<br>(၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀)<br>စိုက်ပျိုးရေးဌာန၊ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း) |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈၉/၂၀၂၄)**

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့၌ကျင်းပပြုလုပ်သော နယ်စပ်ရေးရာဝန်ကြီးဌာန စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၄) ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) မှ အောက်ဖော်ပြပါ အရာထမ်း (၃) ဦးတို့အား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများတွင် အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|
| (က) | ဒေါ်စန္ဒာဖြိုး<br>ကထိက<br>ဇီဝဗေဒဌာန | တွဲဖက်ပါမောက္ခ<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ဇီဝဗေဒဌာန |
| (ခ) | ဒေါ်စုစုမွန်<br>လက်ထောက်ကထိက<br>ဇီဝဗေဒဌာန | ကထိက<br>(၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀)<br>ဇီဝဗေဒဌာန |
| (ဂ) | ဒေါက်တာ ခင်ဝါဆိုဦး<br>လက်ထောက်ကထိက<br>ရူပဗေဒဌာန | ကထိက<br>(၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀)<br>ရူပဗေဒဌာန |

ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နယ်စပ်ရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဥပဒေရေးရာဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်)

အမှတ် ၈၅။　နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ နှင့် နည်းဥပဒေ ၈၉ တို့အရ မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ ဒုတိယတိုင်းဒေသကြီးဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၁) ဒေါ်သန်းသန်းဆင့် (ဥ/၄၀၂) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၁၅-၁၀-၂၀၂၄ ရက်နေ့နံနက်ပိုင်းမှ ၁၄-၂-၂၀၂၅ ရက်နေ့ညနေပိုင်းအထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။ အဆိုပါခွင့်ကုန်ဆုံးပြီးနောက် ၁၅-၂-၂၀၂၅ ရက်နေ့နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာ သီတာဦး
ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဥပဒေရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၄၇ (ခ)/၂၀၂၄)**

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး အား အသက် (၆၂) နှစ်ပြည့်ပြီးနောက် ခံစားခွင့်ရှိသည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်မှ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့အထိ ခံစားခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၂။ အဆိုပါကာလကို ဝန်ကြီးဌာန၏လုပ်ငန်းလိုအပ်ချက်အရ ဦးကျော်မင်းဦး အား အမြဲတမ်းအတွင်းဝန်၏ လုပ်ငန်းတာဝန်ကို ပျမ်းမျှလစာဖြင့် ဆက်လက်ထမ်းဆောင်စေလိုက်သည်။

၃။ ဦးကျော်မင်းဦး အား အထက်ပါကာလကုန်ဆုံးပြီးနောက်တစ်ရက်ဖြစ်သည့် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့နှင့်အညီ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၄၈/၂၀၂၄)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၃၄/၂၀၂၄ အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော် (၂) အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၄၉/၂၀၂၄)**

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်)

**နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပြည်ထောင်စုအဆင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီဖွဲ့စည်းခြင်း**

၁။ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများအတွက် ချေးငွေလည်ပတ်သုံးစွဲခြင်းဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများ (SOPs) အတိုင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ **နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပြည်ထောင်စုအဆင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ**ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး (ဆည်/ရေ)<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ဒုတိယအမြဲတမ်းအတွင်းဝန် (ဘဏ္ဍာရေး)<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဃ) ဒုတိယညွှန်ကြားရေးမှူးချုပ် (အောက်မြန်မာပြည်) ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန — အဖွဲ့ဝင်

(င) ဒုတိယညွှန်ကြားရေးမှူးချုပ် (အထက်မြန်မာပြည်) ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန — အဖွဲ့ဝင်

(စ) ဒုတိယညွှန်ကြားရေးမှူးချုပ် (ရေအရင်းအမြစ်) ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန — အဖွဲ့ဝင်

(ဆ) ဒုတိယညွှန်ကြားရေးမှူးချုပ် စိုက်ပျိုးရေးဦးစီးဌာန — အဖွဲ့ဝင်

(ဇ) ဒုတိယညွှန်ကြားရေးမှူးချုပ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန — အဖွဲ့ဝင်

(ဈ) ဒုတိယညွှန်ကြားရေးမှူးချုပ် စက်မှုလယ်ယာဦးစီးဌာန — အဖွဲ့ဝင်

(ည) ညွှန်ကြားရေးမှူး (စီမံကိန်းနှင့် လုပ်ငန်းဌာနခွဲ) ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန — အဖွဲ့ဝင်

(ဋ) ညွှန်ကြားရေးမှူး (စီမံ/ ငွေ/ လုပ်ငန်းဌာနခွဲ) ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန — အဖွဲ့ဝင်

(ဌ) ညွှန်ကြားရေးမှူးချုပ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန — အတွင်းရေးမှူး

၂။ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပြည်ထောင်စုအဆင့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းများ အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) စိုက်ပျိုးရေရရှိရေးလုပ်ငန်းများအတွက် လိုအပ်သည့် ရန်ပုံငွေအား အချိန်မီရရှိရေး နိုင်ငံ့စီးပွား မြှင့်တင်ရေး ရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြ၍ အတည်ပြုချက်ရယူခြင်း၊

(ခ) လုပ်ငန်းကော်မတီမှ တင်ပြသော အဆိုပြုလွှာများအား စိစစ်အတည်ပြုခြင်း၊

(ဂ) လုပ်ငန်းကော်မတီမှ ခြောက်လတစ်ကြိမ် အစီရင်ခံတင်ပြသော လုပ်ငန်းတိုးတက်မှုများအား စောင့်ကြည့်အကဲဖြတ်၍ လိုအပ်သည်များအား အကြံပြုညွှန်ကြားခြင်း၊

(ဃ) လုပ်ငန်းကော်မတီမှ ခြောက်လတစ်ကြိမ် အစီရင်ခံတင်ပြသည့် ရန်ပုံငွေရရှိမှု၊ သုံးစွဲမှုအခြေအနေ များကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြခြင်း၊

(င) လုပ်ငန်းကော်မတီမှ သက်ဆိုင်ရာ ကြီးကြပ်မှုကော်မတီများသို့ ရန်ပုံငွေများ လွှဲပြောင်းမှုကို ကြီးကြပ်ခြင်း၊

(စ) သက်ဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ အခြားစာရင်းရှင်စာရင်း (OA) စာရင်းများမှ လုပ်ငန်း ကော်မတီ၏ အခြားစာရင်းရှင် (OA) များသို့ ချေးငွေအရင်းနှင့် အတိုးများ ပြန်လည်ပေးသွင်းခြင်းကို ကြီးကြပ်ခြင်း၊

(ဆ) မလွန်ဆန်နိုင်သော ဖြစ်ရပ်များကြောင့် စီမံကိန်းလုပ်ငန်း ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လာပါက ဆုံးရှုံးမှုအခြေအနေအပေါ် စိစစ်၍ ချေးငွေအရင်းနှင့်အတိုး ပေးဆပ်ရမည့် သက်တမ်းကာလ တိုးမြှင့် ပေးရန်ရှိခဲ့လျှင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီသို့တင်ပြ၍ အဆုံးအဖြတ်ခံယူခြင်း၊

(ဇ) စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ တိုင်ကြားမှုများရှိလာပါက အနိမ့်ဆုံး တစ်ဆင့်မြင့် အဖွဲ့အစည်းကို စုံစမ်းစစ်ဆေးရေးအဖွဲ့အဖြစ် ဖွဲ့စည်း၍ စစ်ဆေးတွေ့ရှိချက်အပေါ် ဆုံးဖြတ်ချက်ပေးခြင်း၊

(ဈ) အရင်းမပျောက် မတည်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ၏ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ချမှတ်ပေးခြင်း။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၅၀/၂၀၂၄)

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း

၁။ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများအတွက် ချေးငွေလည်ပတ်သုံးစွဲခြင်းဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများ (SOPs) အတိုင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပြည်ထောင်စုအဆင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီကို အထောက်အကူပြုစေရန် ရည်ရွယ်၍ **နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | |
|---|---|
| (က) ညွှန်ကြားရေးမှူးချုပ်<br>ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) ဒုတိယညွှန်ကြားရေးမှူးချုပ် (အောက်မြန်မာပြည်)<br>ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) ဒုတိယညွှန်ကြားရေးမှူးချုပ် (အထက်မြန်မာပြည်)<br>ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) ညွှန်ကြားရေးမှူး (ငွေစာရင်း)<br>ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) ညွှန်ကြားရေးမှူး (စီမံကိန်းနှင့် လုပ်ငန်းဌာနခွဲ)<br>ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) ညွှန်ကြားရေးမှူး (စီမံ/ ငွေ/ လုပ်ငန်းဌာနခွဲ)<br>ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) ဒုတိယညွှန်ကြားရေးမှူးချုပ် (ရေအရင်းအမြစ်)<br>ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန | အတွင်းရေးမှူး |

၂။ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) စိုက်ပျိုးရေရရှိရေးလုပ်ငန်းများအတွက် လိုအပ်သည့် ရန်ပုံငွေအား ဦးဆောင်ကော်မတီသို့ တင်ပြ၍ အချိန်မီရရှိရေး ဆောင်ရွက်ခြင်း၊

(ခ) ကြီးကြပ်မှုကော်မတီက တင်ပြသော အဆိုပြုလွှာများအား စိစစ်၍ ဦးဆောင်ကော်မတီသို့ တင်ပြ အတည်ပြုချက် ရယူခြင်း၊

(ဂ) ဦးဆောင်ကော်မတီက ခွင့်ပြုသည့် စီမံကိန်းလုပ်ငန်းများအတွက် ချေးငွေအား ကြီးကြပ်မှုကော်မတီများ၏ အခြားစာရင်းရှင် (OA) စာရင်းများသို့ စာရင်းပြောင်း (Account Transfer) စနစ်ဖြင့် အချိန်မီလွှဲပြောင်းပေးပို့ခြင်း၊

(ဃ) ကြီးကြပ်မှုကော်မတီများမှ လစဉ်တင်ပြလာသည့် လုပ်ငန်းတိုးတက်မှုများအား စိစစ်သုံးသပ်ပြီး ခြောက်လတစ်ကြိမ် ဦးဆောင်ကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(င) ရန်ပုံငွေကြီးကြပ်မှုကော်မတီက လစဉ်တင်ပြသည့် ရန်ပုံငွေရရှိမှု၊ သုံးစွဲမှုအခြေအနေများကို ဦးဆောင်ကော်မတီသို့ ခြောက်လတစ်ကြိမ် အစီရင်ခံတင်ပြခြင်း၊

(စ) ကြီးကြပ်မှုကော်မတီများက မြို့နယ်ကြီးကြပ်မှုအဖွဲ့သို့ ရန်ပုံငွေများ လွှဲပြောင်းမှုများကို ကြီးကြပ်ခြင်း၊

(ဆ) သက်ဆိုင်ရာမြို့နယ်များရှိ စီမံကိန်းလုပ်ငန်းလုပ်ကိုင်သူများက ကြီးကြပ်မှုကော်မတီသို့ ချေးငွေအရင်းနှင့်အတိုး ပေးသွင်းခြင်းကို ကြီးကြပ်ခြင်း၊

(ဇ) ကြီးကြပ်မှုကော်မတီက တင်ပြသည့် မလွန်ဆန်နိုင်သော ဖြစ်ရပ်များကြောင့် စီမံကိန်းလုပ်ငန်း ပျက်စီးဆုံးရှုံးမှုအခြေအနေနှင့် ချေးငွေအရင်းနှင့်အတိုး ပေးဆပ်ရမည့်ကာလ တိုးမြှင့်ပေးရမည့် အခြေအနေတို့အပေါ် စိစစ်၍ ဦးဆောင်ကော်မတီသို့ ထောက်ခံတင်ပြခြင်း၊

(ဈ) စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ တိုင်ကြားမှုများရှိပါက ဦးဆောင်ကော်မတီသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူခြင်း။

မင်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၁၂၈/၂၀၂၄)**

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသည် ၂၀၂၄ ခုနှစ်၊ (၁၄၂) ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့အထိ နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ၂၀၂၄ ခုနှစ်၊ (၁၄၂) ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရန် အောက်ပါပုဂ္ဂိုလ်များပါဝင်သော **မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲဗဟိုကော်မတီ** ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး — နာယက
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး — ဥက္ကဋ္ဌ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဂ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သတ္တုတွင်းဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(စ) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
အမှတ် (၁) သတ္တုတွင်းလုပ်ငန်း
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဆ) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
အမှတ် (၂) သတ္တုတွင်းလုပ်ငန်း
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဇ) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဈ) ဦးဆောင်ညွှန်ကြားရေးမှူး အတွင်းရေးမှူး
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

၃။ မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲဗဟိုကော်မတီသည် ပုလဲရောင်းချပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းတာဝန်ပေး၍ လုပ်ငန်းများဆောင်ရွက်စေခြင်း၊ စိစစ်ကြပ်မတ်ခြင်းများဆောင်ရွက်ပြီး မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲဗဟိုကော်မတီ၏ တာဝန်ဝတ္တရားများကို အောက်ပါအတိုင်း သတ်မှတ်ထားရှိပါသည်-

(က) မြန်မာနိုင်ငံမှထွက်ရှိသည့် ပုလဲရတနာများကို ဈေးကွက်အနေအထားနှင့် ဝယ်လိုအားပေါ်မူတည်၍ နိုင်ငံခြားငွေဖြင့် ရောင်းချသည့် နိုင်ငံတကာအဆင့်မီပုလဲရောင်းချပွဲများ၊ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲများ ကျင်းပပြုလုပ်ရောင်းချနိုင်ရေးစီစဉ်ဆောင်ရွက်ခြင်း၊

(ခ) မြန်မာ့ပုလဲရောင်းချပွဲများကျင်းပရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့်မူဝါဒများနှင့် ညီညွတ်စေရေး ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဂ) ပြပွဲတက်ရောက်ရန် ပုလဲကုန်သည်များအား ဖိတ်ကြားခြင်း၊ ပြပွဲတက်ရောက်ခြင်း၊ တည်းခိုနေထိုင်ခြင်း၊ ပုလဲအတွဲများရောင်းချခြင်း၊ ရောင်းချရသည့်ပုလဲအတွဲများအတွက် တန်ဖိုးငွေများပေးချေခြင်း၊ တန်ဖိုးငွေပေးချေပြီး ပုလဲအတွဲများပြည်ပနိုင်ငံများသို့ ပို့ဆောင်ခြင်း စသည့်ပြပွဲဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်သည့်မူဝါဒများချမှတ်ပေးခြင်း၊ မူဝါဒနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်စေခြင်း၊

(ဃ) မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးအတွက် လုပ်ငန်းကော်မတီနှင့် အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းပေးခြင်း၊ လုပ်ငန်းတာဝန်များသတ်မှတ်ပေးခြင်း၊

(င) ပုလဲရောင်းချပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးဖွဲ့စည်းထားသည့် အထောက်အကူပြုလုပ်ငန်းကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(စ) ပုလဲရောင်းချပွဲဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့် လုပ်ထုံးလုပ်နည်းများချမှတ်ပေးခြင်း၊

(ဆ) ပုလဲရောင်းချပွဲအား လုံခြုံအေးချမ်းအောင်မြင်စွာကျင်းပနိုင်ရေး လုံခြုံရေးနှင့် အုပ်ချုပ်မှုကိစ္စရပ်များကို သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

ခင်မောင်ရီ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၂၄၁/၂၀၂၄)

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

### ပြန်လည်သုံးသပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့က **နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့ပြီး အမည်မည်းစာရင်း (Black Lists) တွင် ပါဝင်နေသူများအား ပယ်ဖျက်ဖြေလျှော့ပေးပြီး ဥပဒေဘောင်အတွင်း နေထိုင်သွားလာနိုင်ရန် ဆောင်ရွက်ပေးမည်ဖြစ်ပါသဖြင့် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်မှစ၍ အဆိုပါ ဝန်ထမ်းများသည် မိမိတို့ရောက်ရှိနေသည့်နေရာတွင်ရှိသော ယခင်တာဝန်ထမ်းဆောင်ခဲ့သည့် ဌာန၏ ရုံးများသို့လည်းကောင်း၊ နီးစပ်ရာမြို့နယ်ခွဲ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေး အဖွဲ့အစည်းများသို့လည်းကောင်း မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့လည်းကောင်း ပြန်လည်သတင်းပို့ကြပါရန်** သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် အမည်မည်းစာရင်းတွင်ပါဝင်သောဝန်ထမ်းမှသတင်းပို့လာပါကအမည်မည်းစာရင်းမှပယ်ဖျက်ခွင့်အတွက် ၎င်းကျူးလွန်ခဲ့သော အမှုအကြောင်းအရာကို ပြန်လည်သုံးသပ်နိုင်ရန် **ပြန်လည်သုံးသပ်ရေးအဖွဲ့** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ခေါင်းဆောင် |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ဆ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ဇ) | အမှုဆောင်အရာရှိချုပ်<br>ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | အဖွဲ့ဝင် |
| (ဈ) | အမှုဆောင်အရာရှိချုပ်<br>မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | အဖွဲ့ဝင် |
| (ည) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး | အဖွဲ့ဝင် |

၂။ အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပြန်လည်သုံးသပ်ရေးအဖွဲ့မှ ဝန်ထမ်း၏ လုပ်ငန်းခွင်စွန့်ခွာရသည့်အကြောင်းခြင်းရာပေါ်မူတည်၍ အမည်မည်းစာရင်းမှ ပယ်ဖျက်ရန် သင့် မသင့်ကို ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူးထံ သုံးသပ်တင်ပြရန်၊

(ခ) သုံးသပ်တင်ပြချက်အပေါ် ဝန်ကြီးဌာန/အဖွဲ့အစည်း၏ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးသို့ တင်ပြဆွေးနွေးအတည်ပြုချက်ရယူရန်၊

(ဂ) စီမံခန့်ခွဲရေးကော်မတီမှ ပယ်ဖျက်ရန်ဆုံးဖြတ်ပါက အမည်မည်းစာရင်းများကို မှတ်တမ်းထိန်းသိမ်းထားရှိသော အဖွဲ့အစည်း/ဌာနများသို့ အမည်မည်းစာရင်းမှ ပယ်ဖျက်နိုင်ရေး အကြောင်းကြားရန်၊

(ဃ) အမည်မည်းစာရင်းထိန်းသိမ်းထားရှိသော အဖွဲ့အစည်း/ဌာနမှ အမည်မည်းစာရင်းမှ ပယ်ဖျက်သွားရန်နှင့် ပယ်ဖျက်ပြီးစီးကြောင်းကို သက်ဆိုင်ရာဝန်ထမ်း၏ဌာနသို့ အကြောင်းကြားရန်၊

(င) သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းမှ အမည်မည်းစာရင်း ပယ်ဖျက်ပြီးစီးမှုကို သက်ဆိုင်သည့် ဝန်ထမ်းထံ အသိပေးအကြောင်းကြားရန်၊

(စ) ဦးစီးဌာန၊ လုပ်ငန်း၊ ကော်ပိုရေးရှင်းများအလိုက် **ပြန်လည်သုံးသပ်ရေးအဖွဲ့** များကို ဖွဲ့စည်းဆောင်ရွက်သွားရန်။

၃။ ဆောင်ရွက်မှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ ဆက်လက်တင်ပြနိုင်ရေး ဝန်ကြီးဌာနသို့ လစဉ်တင်ပြသွားရန်ဖြစ်ပါသည်။

ဉာဏ်ထွန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

### အမိန့်ကြော်ငြာစာအမှတ် (၁၄၇၈/၂၀၂၄)

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်
(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ သင်တန်းကျောင်းမှ (လဝက-၂၈၂၅) ညွှန်ကြားရေးမှူး ဦးကျော်ထွန်း သည် ၂၈-၁-၂၀၂၅ ရက်နေ့တွင် အသက် (၆၂) နှစ်ပြည့်မည်ဖြစ်ပါ၍ ၂၈-၉-၂၀၂၄ ရက်နေ့မှ ၂၇-၁-၂၀၂၅ ရက်နေ့အထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ ခံစားခွင့်ပြုလိုက်သည်။

၂။ ညွှန်ကြားရေးမှူး ဦးကျော်ထွန်း အား အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ ပြည်သူ့ဝန်ထမ်း အဖြစ်မှ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၀၄၈၈/၂၀၂၄)**

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂ ရက်)

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ (လဝက-၁၆၅၉၅) အမြဲတမ်းအတွင်းဝန် ဦးဝင်းဇော်အောင် သည် ၁၇-၁-၂၀၂၅ ရက်နေ့တွင် အသက် (၆၂) နှစ်ပြည့်မည်ဖြစ်ပါ၍ ၁၇-၉-၂၀၂၄ ရက်နေ့မှ ၁၆-၁-၂၀၂၅ ရက်နေ့အထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားရမည်ဖြစ်ရာ ၎င်း၏ကြိုတင်ပြင်ဆင်ခွင့် (၄) လအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ အရလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၈၁ အရ လည်းကောင်း အများပြည်သူအကျိုးငှာငြင်းပယ်လိုက်သည်။

၂။ အမြဲတမ်းအတွင်းဝန် ဦးဝင်းဇော်အောင် အား ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များ ကုန်ဆုံးသည့် ၂၀၂၅ ခုနှစ်၊ မေလ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

မြင့်ကြိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

**[ ယခင်အပတ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၂၄)၊ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ နည်းဥပဒေများမှ အဆက် ]**

**အခန်း (၂၂)**

**တီထွင်မှုမူပိုင်ခွင့်အကျိုးဆောင်ကိုယ်စားလှယ် မှတ်ပုံတင်လျှောက်ထားခြင်း**

၁၀၉။ မည်သူမဆို တီထွင်မှုမူပိုင်ခွင့်အကျိုးဆောင်ကိုယ်စားလှယ်အဖြစ် မှတ်ပုံတင်လိုပါက အခကြေးငွေ ပေးသွင်းပြီးကြောင်း အထောက်အထားပူးတွဲ၍ တီထွင်မှုမူပိုင်ခွင့်အကျိုးဆောင်ကိုယ်စားလှယ် မှတ်ပုံတင် လျှောက်ထားခြင်းပုံစံ PT/UM-21 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၁၁၀။ တီထွင်မှုမူပိုင်ခွင့်အကျိုးဆောင်ကိုယ်စားလှယ်အဖြစ် မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီရမည်-

(က) အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ကိုင်ဆောင်ထားသူ၊

( ခ ) မြန်မာနိုင်ငံတွင် နေထိုင်သောနိုင်ငံသားဖြစ်သူ၊

( ဂ ) အင်ဂျင်နီယာ၊ သိပ္ပံ သို့မဟုတ် ဥပဒေဘာသာရပ်တစ်ခုခုဖြင့် ဘွဲ့ရရှိထားသူ၊

(ဃ) မူပိုင်ခွင့်ဦးစီးဌာနက အသိအမှတ်ပြုထားသော တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာဘာသာရပ်သင်တန်းမှ သင်တန်းအောင်လက်မှတ်ရရှိထားသူ၊

( င ) မူပိုင်ခွင့်ဦးစီးဌာနကဖွင့်လှစ်သော တီထွင်မှုမူပိုင်ခွင့်အကျိုးဆောင်ကိုယ်စားလှယ်ဆိုင်ရာသင်တန်း တက်ရောက်အောင်မြင်ပြီးသူ။

၁၁၁။ အောက်ပါပုဂ္ဂိုလ်တို့သည် တီထွင်မှုမူပိုင်ခွင့်အကျိုးဆောင်ကိုယ်စားလှယ်အဖြစ် မှတ်ပုံတင်လျှောက်ထားခွင့် မရှိစေရ-

(က) ကိုယ်ကျင့်တရားပျက်ယွင်းရာရောက်သည့် ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရဖူးသူ၊

(ခ) လူမွဲအဖြစ် သက်ဆိုင်ရာတရားရုံး၏ ကြေညာခြင်းခံရသူ၊

(ဂ) စိတ်ပေါ့သွပ်သည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊

(ဃ) ရှေ့နေအဖြစ်မှ ထုတ်ပစ်ခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်းခံရသူ၊

(င) စာရင်းလုပ်ငန်းလုပ်ကိုင်သူမှတ်ပုံတင်လက်မှတ် ရုပ်သိမ်းခြင်းခံရသူ။

၁၁၂။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့်အကျိုးဆောင်ကိုယ်စားလှယ်အဖြစ် မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍-

(က) နည်းဥပဒေ ၁၁၀ ပါ သတ်မှတ်ချက်များနှင့်ကိုက်ညီမှု ရှိ မရှိ စိစစ်ပြီး လိုအပ်သောသက်သေခံ အထောက်အထားများကို တောင်းခံနိုင်သည်။

(ခ) နည်းဥပဒေ ၁၁၀ ပါ သတ်မှတ်ချက်များနှင့်ကိုက်ညီပြီး နည်းဥပဒေ ၁၁၁ ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းခြင်းမရှိသူကို တီထွင်မှုမူပိုင်ခွင့်အကျိုးဆောင်ကိုယ်စားလှယ်အဖြစ် မှတ်ပုံတင်ခွင့်ပြုရမည်။

(ဂ) နည်းဥပဒေ ၁၁၀ ပါ သတ်မှတ်ချက်များနှင့်ကိုက်ညီမှုမရှိလျှင် သို့မဟုတ် နည်းဥပဒေ ၁၁၁ ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းလျှင် ထိုသူကို တီထွင်မှုမူပိုင်ခွင့်အကျိုးဆောင်ကိုယ်စားလှယ်အဖြစ် မှတ်ပုံတင်ခွင့်မပြုဘဲ ငြင်းပယ်ရမည်။

၁၁၃။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့်အကျိုးဆောင်ကိုယ်စားလှယ်အဖြစ် မှတ်ပုံတင်ခွင့်ပြုလျှင် ကိုယ်စားလှယ်မှတ်ပုံတင်စာရင်းစာအုပ်တွင် မှတ်တမ်းတင်၍ တီထွင်မှုမူပိုင်ခွင့်အကျိုးဆောင်ကိုယ်စားလှယ် မှတ်ပုံတင်လက်မှတ်ထုတ်ပေးပြီး နည်းဥပဒေ ၁၂၅ ပါ နည်းလမ်းဖြင့် ထုတ်ပြန်ကြေညာရမည်။

၁၁၄။ တီထွင်မှုမူပိုင်ခွင့်အကျိုးဆောင်ကိုယ်စားလှယ်သည် တီထွင်မှုမူပိုင်ခွင့်အကျိုးဆောင်ကိုယ်စားလှယ် မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

၁၁၅။ (က) တီထွင်မှုမူပိုင်ခွင့် အကျိုးဆောင်ကိုယ်စားလှယ် မှတ်ပုံတင်လက်မှတ်သက်တမ်းသည် သုံးနှစ်ဖြစ်သည်။

(ခ) မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးလိုသည့် တီထွင်မှုမူပိုင်ခွင့်အကျိုးဆောင်ကိုယ်စားလှယ်သည် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၉၀ အတွင်း အခကြေးငွေပေးသွင်း၍ တီထွင်မှုမူပိုင်ခွင့် အကျိုးဆောင်ကိုယ်စားလှယ်မှတ်ပုံတင်သက်တမ်းတိုးပေးရန် လျှောက်ထားခြင်းပုံစံ PT/UM-22 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၁၁၆။ နည်းဥပဒေ ၁၁၅၊ နည်းဥပဒေခွဲ (ခ) အရ သတ်မှတ်ကာလအတွင်း မှတ်ပုံတင်လက်မှတ်သက်တမ်းတိုး လျှောက်ထားခြင်းမရှိပါက သတ်မှတ်ကာလကုန်ဆုံးပြီးနောက် ရက်ပေါင်း ၆၀ အတွင်း သက်တမ်းတိုး အခကြေးငွေနှင့် ရက်လွန်ကြေးပေးသွင်း၍ သက်တမ်းတိုးလျှောက်ထားနိုင်သည်။

၁၁၇။ နည်းဥပဒေ ၁၁၅၊ နည်းဥပဒေခွဲ (ခ) သို့မဟုတ် နည်းဥပဒေ ၁၁၆ အရ မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးရန် လျှောက်ထားသည့် တီထွင်မှုမူပိုင်ခွင့်အကျိုးဆောင်ကိုယ်စားလှယ်သည် မူပိုင်ခွင့်ဦးစီးဌာနက ဖွင့်လှစ်သော တီထွင်မှုမူပိုင်ခွင့်အကျိုးဆောင်ကိုယ်စားလှယ်ဆိုင်ရာ မွမ်းမံသင်တန်းများမှ သင်တန်းအောင်လက်မှတ် အနည်းဆုံးတစ်ခုရရှိထားသူဖြစ်ရမည်။

၁၁၈။ နည်းဥပဒေ ၁၁၅၊ နည်းဥပဒေခွဲ (ခ) နှင့် နည်းဥပဒေ ၁၁၆ တို့အရ သတ်မှတ်ကာလအတွင်း မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးလျှောက်ထားခြင်းမရှိပါက တီထွင်မှုမူပိုင်ခွင့်အကျိုးဆောင်ကိုယ်စားလှယ် မှတ်ပုံတင်လက်မှတ်သည် ပျက်ပြယ်စေရမည်။

၁၁၉။ မှတ်ပုံတင်အရာရှိသည် နည်းဥပဒေ ၁၁၅၊ နည်းဥပဒေခွဲ (ခ) သို့မဟုတ် နည်းဥပဒေ ၁၁၆ အရ မှတ်ပုံတင် သက်တမ်းတိုးလျှောက်ထားချက်ကို စိစစ်၍ နည်းဥပဒေ ၁၁၁ ပါအချက်များနှင့် ငြိစွန်းခြင်းမရှိသူ၊ မွမ်းမံသင်တန်း အနည်းဆုံးတစ်ခု တက်ရောက်အောင်မြင်ပြီးသူဖြစ်ပါက သက်တမ်းတိုးပေးရမည်။

၁၂၀။ မှတ်ပုံတင်အရာရှိသည် အောက်ဖော်ပြပါအခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်ပါက တီထွင်မှုမူပိုင်ခွင့် အကျိုးဆောင်ကိုယ်စားလှယ်၏ အမည်ကို ကိုယ်စားလှယ်မှတ်ပုံတင်စာရင်းမှပယ်ဖျက်၍ မှတ်ပုံတင်လက်မှတ် ရုပ်သိမ်းရမည်-

(က) တီထွင်မှုမူပိုင်ခွင့်အကျိုးဆောင်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ပေးရန် ကိုယ်တိုင်တောင်းဆိုခြင်း၊

( ခ ) ကိုယ်ကျင့်တရားပျက်ယွင်းရာရောက်သည့် ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခံရခြင်း၊

( ဂ ) နည်းဥပဒေ ၁၁၈ အရ တီထွင်မှုမူပိုင်ခွင့် အကျိုးဆောင်ကိုယ်စားလှယ်မှတ်ပုံတင်လက်မှတ် ပျက်ပြယ်ခြင်း၊

(ဃ) ၎င်းကိုယ်တိုင်ဖြစ်စေ၊ တစ်စုံတစ်ဦး၏တိုင်တန်းချက်အရဖြစ်စေ တီထွင်မှုမူပိုင်ခွင့်အကျိုးဆောင် ကိုယ်စားလှယ်မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း တွေ့ရှိခြင်း။

၁၂၁။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့်အကျိုးဆောင်ကိုယ်စားလှယ်အမည်ကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်၍ မှတ်ပုံတင်လက်မှတ်ရုပ်သိမ်းပါက သက်ဆိုင်ရာပုဂ္ဂိုလ်ထံအကြောင်းကြားပြီး နည်းဥပဒေ ၁၂၅ ပါ နည်းလမ်းဖြင့် ထုတ်ပြန်ကြေညာရမည်။

## အခန်း (၂၃)
## အထွေထွေ

၁၂၂။ (က) မည်သူမဆို ဥပဒေနှင့် ဤနည်းဥပဒေများအရ လျှောက်ထားရာတွင် ဝန်ကြီးဌာနက သတ်မှတ်သော ပုံစံဖြင့် လျှောက်ထားရမည်။

( ခ ) တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပေးသွင်းရမည့်အခကြေးငွေများကို အေဂျင်စီက ဗဟိုကော်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ထုတ်ပြန်သည့်အတိုင်း ပေးသွင်းရမည်။

၁၂၃။ မှတ်ပုံတင်အရာရှိသည် ဥပဒေအရ အပ်နှင်းထားသည့်လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဆုံးဖြတ်ရာတွင် တစ်စုံတစ်ဦးအား ထိခိုက်နစ်နာစေမည်ဆိုပါက တင်ပြကြားနာခွင့်ပေးနိုင်ရန် ထိုသူအား အကြောင်းကြားရမည်။

၁၂၄။ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိက ချမှတ်သောဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ကို ထုတ်ပြန်ကြေညာသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အခကြေးငွေပေးသွင်းပြီးကြောင်း အထောက်အထား ပူးတွဲ၍ အယူခံလျှောက်ထားခြင်းပုံစံ PT/UM-23 ဖြင့် မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီနည်းဥပဒေများပါ သတ်မှတ်ချက်များနှင့်အညီ အေဂျင်စီထံ အယူခံဝင်နိုင်သည်။

၁၂၅။ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များကို ထုတ်ပြန်ကြေညာရာတွင် ဦးစီးဌာန၏အင်တာနက်စာမျက်နှာမှတစ်ဆင့် အီလက်ထရောနစ်နည်းဖြင့် ထုတ်ပြန်ကြေညာရမည်။

၁၂၆။ ဥပဒေ သို့မဟုတ် ဤနည်းဥပဒေများနှင့်အညီ မှတ်ပုံတင်အရာရှိထံ တင်ပြသောလျှောက်ထားချက်နှင့်အတူ ပူးတွဲပါရှိသည့် စာရွက်စာတမ်းများသည် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာမဟုတ်သော စာရွက်စာတမ်းများဖြစ်ပါက မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆိုပေးရမည်။ မှတ်ပုံတင်အရာရှိကတောင်းဆိုလျှင် လျှောက်ထားသူသည် မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့လည်းကောင်း၊ အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့လည်းကောင်း ဘာသာပြန်ဆို၍ လျှောက်ထားသူ သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်က လက်မှတ်ရေးထိုးရမည်။

၁၂၇။ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်လျှောက်ထားခြင်းကို ထုတ်ပြန်ကြေညာပြီးနောက် မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသည့်အချက်အလက် သို့မဟုတ် စာရွက်စာတမ်းများကို အများပြည်သူမှ မိတ္တူကူးယူလိုပါက အခကြေးငွေပေးသွင်းပြီးကြောင်း အထောက်အထားပူးတွဲ၍ မှတ်ပုံတင်စာရင်းရှိ အချက်အလက်၊ စာရွက်စာတမ်းများကို မိတ္တူကူးယူခွင့်လျှောက်ထားခြင်းပုံစံ PT/UM-24 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။ သီးခြားထိန်းသိမ်းထားသည့် မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသည့် အချက်အလက် သို့မဟုတ် စာရွက်စာတမ်းများကို မိတ္တူကူးယူလိုပါက တီထွင်မှုမူပိုင်ခွင့် ရရှိသူ သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ရရှိသူနှင့် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူတို့၏ စာဖြင့်ရေးသားထားသောခွင့်ပြုချက်ကို ပူးတွဲတင်ပြရမည်။

၁၂၈။ (က) မည်သည့် အချိန်ကာလကိုမဆို နှစ်အလိုက် ကာလသက်တမ်းကုန်ဆုံးခြင်းကို တွက်ချက်ရာတွင် အချိန်ကာလ စတင်ပေးသည့်နေ့ရက်မှစ၍ ရေတွက်ရမည်။

(ခ) မည်သည့်အချိန်ကာလကိုမဆို လအလိုက် ကာလသက်တမ်းကုန်ဆုံးခြင်းကို တွက်ချက်ရာတွင် အချိန်ကာလ စတင်ပေးသည့်လမှစ၍ ရေတွက်ရမည်။ တစ်လနှင့် တစ်လ ရက်ပေါင်းကွာခြားမှုရှိသဖြင့် တွက်ချက်ရာတွင် လအသီးသီး၏ နောက်ဆုံးရက်ကိုသာ သက်တမ်းကုန်ဆုံးသည်ဟု မှတ်ယူရမည်။

၁၂၉။ (က) နည်းဥပဒေ ၁၅ နှင့် နည်းဥပဒေ ၁၇ တို့ပါကိစ္စရပ်များမှအပ ဥပဒေနှင့် ဤနည်းဥပဒေများပါ ကိစ္စတစ်ရပ်ရပ် သို့မဟုတ် လုပ်ငန်းစဉ်တစ်ရပ်ရပ် ဆောင်ရွက်ရန်လျှောက်ထားသူက ဤနည်းဥပဒေများအရ သတ်မှတ်ထားသည့် အချိန်ကာလမကုန်ဆုံးမီ အချိန်ကာလ ထပ်မံတိုးမြှင့်ပေးရန် လျှောက်ထားလိုပါက ခိုင်လုံသောအကြောင်းပြချက်ဖြင့် အခကြေးငွေပေးသွင်းပြီးကြောင်း အထောက်အထားပူးတွဲ၍ အချိန်ကာလတိုးမြှင့်ပေးရန် လျှောက်ထားခြင်းပုံစံ PT/UM-25 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) မှတ်ပုံတင်အရာရှိသည် နည်းဥပဒေခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး အကြောင်းပြချက် ခိုင်လုံပါက အချိန်ကာလ ထပ်မံတိုးမြှင့်ပေးရမည်။ ထပ်မံတိုးမြှင့်ပေးသော အချိန်ကာလသည် တစ်ကြိမ်လျှင် ရက်ပေါင်း ၆၀ ဖြင့် အများဆုံးသုံးကြိမ်အထိသာ ခွင့်ပြုနိုင်သည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ မှတ်ပုံတင်အရာရှိက အချိန်ကာလ တိုးမြှင့်ခွင့်ပြုပြီးလျှင် ဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်များကဲ့သို့သော ကြိုတင်မမျှော်မှန်းနိုင်သည့် အထူးကိစ္စရပ်များအတွက် ရက်ပေါင်း ၃၀ ဖြင့်တစ်ကြိမ် သက်တမ်းတိုးမြှင့်ပေးခြင်းမှတစ်ပါး နောက်ထပ်အချိန်ကာလ တိုးမြှင့်ပေးခြင်းမပြုရ။

၁၃၀။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်နှင့်စပ်လျဉ်း၍-

(က) ဝန်ကြီးဌာနက သတ်မှတ်ထုတ်ပြန်သော ပုံစံများကို အများပြည်သူသိရှိ အသုံးပြုဆောင်ရွက်နိုင်ရန် ဦးစီးဌာန၏ အင်တာနက်စာမျက်နှာမှတစ်ဆင့် ကြေညာရမည်။

(ခ) အေဂျင်စီက ဗဟိုကော်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ထုတ်ပြန်သော အခကြေးငွေများနှင့် ဦးစီးဌာနက သတ်မှတ်သည့် အခကြေးငွေ ပေးသွင်းရမည့် နည်းလမ်းများကို အများပြည်သူသိရှိ အသုံးပြုဆောင်ရွက်နိုင်ရန်ဦးစီးဌာန၏ အင်တာနက်စာမျက်နှာမှတစ်ဆင့် ကြေညာရမည်။

၁၃၁။ မည်သူမဆို ဦးစီးဌာနသို့ ပေးသွင်းထားသည့် အခကြေးငွေများကို မည်သည့်အခြေအနေတွင်မျှ ပြန်လည်ရထိုက်ခွင့်မရှိစေရ။

ထွန်းအုံ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပညာရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၀၉/၂၀၂၄)

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်
(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်)

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ တောင်ကုတ်တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ဒေါက်တာ နီလာအောင် အား ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်သို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးနှင့်အတူ တွဲဖက်တာဝန်ချထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၁၀/၂၀၂၄)

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ မိတ္ထီလာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ဒေါက်တာ နေအောင် အား အဆင့်မြင့်ပညာဦးစီးဌာန (ရုံးချုပ်) သို့ ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးနှင့်အတူ တွဲဖက်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၁၁/၂၀၂၄)

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ တောင်ကုတ်တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ဒေါက်တာ မင်းသောင် အား မိတ္ထီလာတက္ကသိုလ်သို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးနှင့်အတူ တွဲဖက်တာဝန်ချထားလိုက်သည်။

သက်ဆိုင်ရာပုဂ္ဂိုလ်သည် အမိန့်ကြော်ငြာစာ ထွက်ရှိသည့်နေ့မှ (၁၄) ရက်အတွင်း တာဝန်ကျရာတက္ကသိုလ်သို့ သွားရောက်တာဝန်ထမ်းဆောင်ရန်ဖြစ်ပါသည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၁၂/၂၀၂၄)

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်တက္ကသိုလ်၊ ဓာတုဗေဒဌာနမှ ပါမောက္ခ၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါက်တာ ညဏ်ထွန်း အား ရန်ကုန်တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်

ရာထူးကို ရယူ၍ ကျိုင်းတုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

သက်ဆိုင်ရာပုဂ္ဂိုလ်သည် အမိန့်ကြော်ငြာစာ ထွက်ရှိသည့်နေ့မှ (၁၄) ရက်အတွင်း တာဝန်ကျရာ တက္ကသိုလ်သို့ သွားရောက်တာဝန်ထမ်းဆောင်ရန်ဖြစ်ပါသည်။

ဒေါက်တာ ညွန့်ဖေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးဝန်ကြီးဌာန

**(ဝန်ကြီးရုံး)**

၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်
(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၉ ရက်)

အမှတ် ၃၄။ ကျန်းမာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဒေါက်တာ ထွန်းမင်း (ဆမ-၁၃၅၈၅) အား လက်ရှိတာဝန်ဝတ္တရားများအပြင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ ကျန်းမာရေး/ကုသရေးဦးစီးဌာနမှူး တာဝန်များကိုပါ ပူးတွဲတာဝန်ထမ်းဆောင်စေလိုက်သည်။

**(ဝန်ကြီးရုံး)**

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်
(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)

အမှတ် ၃၅။ ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက်စွဲပါ စာအမှတ်၊ ၄မက (ခ) ၂၀၂၄/၁၀၄၈၆ ဖြင့် ခွင့်ပြုချက်အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးဝါးတက္ကသိုလ် (မန္တလေး) မှ ပါမောက္ခချုပ် ပါမောက္ခဒေါက်တာ သိန်းမေစော (ဆမ-၁၁၅၇၄) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ထိုသို့ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၂) နှစ်ပြည့်သည့် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်
(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်)

အမှတ် ၃၆။ ဒေါက်တာ ခင်ဖူးဖူးဟန် (ဘ-ဦးမြင့်ဟန်) [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်-၉/မထလ (နိုင်) ၂၇၉၄၈၃] ၏ အလုပ်ဝင်ရောက်ထမ်းဆောင်လိုပါကြောင်း လျှောက်ထားလာခြင်းနှင့် စပ်လျဉ်း၍ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင်ကျင်းပသော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၃/၂၀၂၄) ဆုံးဖြတ်ချက်အရ မန္တလေးပြည်သူ့ဆေးရုံကြီးတွင်

ဆရာဝန် (သစ်လွင်)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဖြစ် တာဝန်စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်စွဲပါ စာအမှတ်၊ စဆရ/ကင်းကွာ/ဆရာဝန်/၂၀၂၂ (၂၂၃၉) ဖြင့် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာပါ အမှတ်စဉ် (၃၂) အား ဤအမိန့်စာဖြင့် လွှမ်းခြုံပယ်ဖျက်လိုက်သည်။

မှတ်ချက်။ ဆရာဝန် (သစ်လွင်) အဖြစ် ခန့်ထားခြင်းခံရသူသည် အမိန့်ကြော်ငြာစာထွက်ပြီး (၂၁) ရက်အတွင်း သက်ဆိုင်ရာဆေးရုံသို့ သတင်းပို့ရန်နှင့် သက်ဆိုင်ရာဆေးရုံအုပ်ကြီးအနေဖြင့် ဖော်ပြပါ ဆရာဝန် (သစ်လွင်) အား ဆေးပညာ၊ ခွဲစိတ်ကုပညာ၊ သားဖွားမီးယပ်ပညာ၊ ကလေးကျန်းမာပညာ၊ အရိုးရောဂါပညာနှင့် မေ့ဆေးပညာတို့အား မဖြစ်မနေလေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနတွင် အလှည့်ကျတာဝန်ချထားဆောင်ရွက်ရန်ဖြစ်သည်။

**(ဝန်ကြီးရုံး)**

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်)

အမှတ် ၃၇။ ကျန်းမာရေးဝန်ကြီးဌာန၏ သဘောတူညီချက်အရ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ) ဒေါ်အေးအေးစိန် အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

အမှတ် ၃၈။ ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ်၊ မေလ ၆ ရက်စွဲပါ စာအမှတ်၊ ၄မက (ခ) ၂၀၂၄/၇၀၂၃ဖြင့်ခွင့်ပြုချက်အရကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ အဏုဇီဝဗေဒဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာ မွန်မွန် (ဆမ-၁၁၇၆၉) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ထိုသို့ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၂) နှစ်ပြည့်သည့် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၅ ခုနှစ်၊ မေလ ၁၃ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာ သက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၂၄)**

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်)

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ အောက်ဖော်ပြပါ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) (၂) ဦးတို့အား လုပ်ငန်းလိုအပ်ချက်အရ ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါဌာနခွဲများရှိ လစာနှုန်းတူ ရာထူးနေရာများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ လက်ရှိတာဝန်ကျဌာနခွဲ | ပြောင်းရွှေ့တာဝန်ပေးအပ်သည့် ဌာနခွဲ |
|---|---|---|
| ၁။ | ဦးရဲလွင်<br>ညွှန်ကြားရေးမှူး<br>အားကစားစီမံကိန်းနှင့် သုတေသနဌာနခွဲ | လူထုအားကစားနှင့် ပညာပေးဌာနခွဲ |
| ၂။ | ဦးတင်မောင်မောင်စိုး<br>ညွှန်ကြားရေးမှူး<br>အားကစားနှင့် ကာယပညာသိပ္ပံ (လှိုင်ကော်) | အားကစားစီမံကိန်းနှင့် သုတေသနဌာနခွဲ |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၂၄)**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) မှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးသီဟအောင် အား အားကစားနှင့် ကာယပညာသိပ္ပံ (လှိုင်ကော်) တွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ အလုပ်တာဝန်ဝတ္တရားများ အမှန်တကယ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၂၄)**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၄ အရ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနသို့ လွှဲပြောင်းတာဝန်ထမ်းဆောင်သည့် စစ်ရေးချုပ်ရုံးမှ ကြည်း ၅၉၂၀၆ ဗိုလ်ကြီး ဝေယံနိုင် အား အားကစားနှင့် ကာယပညာဦးစီးဌာန၊ ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ (၁) တွင် ဦးစီးအရာရှိ (စီမံ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာ၌ လုပ်ငန်းတာဝန်များစတင်ထမ်းဆောင်သည့်နေ့မှစ၍ ထမ်းဆောင်ခွင့်ပြု လိုက်သည်။

ဦးမင်းသိန်းဇံ

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၀၁၄/၂၀၂၄)**

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်)

**မြေလွှဲပြောင်းပေးခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေ ပုဒ်မ ၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၅)၊ ရွှေလင်ပန်းစက်မှုဇုန်၊ မြေကွက်အမှတ် (၄၇၂-D)၊ ဧရိယာ ၄.၅၉၉ ဧကရှိမြေနေရာအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဘောလုံးကွင်းနှင့် ဘက်စုံအားကစားကွင်းအသုံးပြုရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည်-

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဘောလုံးကွင်းနှင့် ဘက်စုံအားကစားကွင်းအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ။

(ခ) ထိုမြေကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အသုံးပြုရန်မလိုအပ်သည့်အခါ ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရက ပြန်လည်သိမ်းယူမည်။

(ဂ) မြေကို အသုံးပြုရာတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဤဝန်ကြီးဌာနတို့ အယူအဆ သဘောထားကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြ၍ အဆုံးအဖြတ် ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့် မြေ၏ အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက် အမှတ် | မြေကွက် အမှတ် | ခန့်မှန်း မြေဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်း ဒေသကြီး | လှိုင်သာယာ | ၂၅ (ရွှေလင်ပန်း စက်မှုဇုန်) | ၄၇၂-D | ၄ | ၅၉၉ | |
| **စုစုပေါင်း** | | | | ၄ | ၅၉၉ | |

၃။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

အရှေ့လားသော် - ကနောင်မင်းသားကြီးလမ်း

အနောက်လားသော် - လမ်း

တောင်လားသော် - မိုးလုံလေလုံအားကစားရုံ

မြောက်လားသော် - လမ်း

၄။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၄ ရက်စွဲပါ ခွင့်ပြုချက်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၄) အရ ရန်ကုန်တိုင်းဒေသကြီး၊

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၅)၊ ရွှေလင်ပန်းစက်မှုဇုန်၊ မြေကွက်အမှတ် (၄၇၂-D)၊ ဧရိယာ ၄.၅၉၉ ဧကရှိ အစိုးရမြေနေရာအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဘောလုံးကွင်းနှင့် ဘက်စုံအားကစားကွင်းအသုံးပြုရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၇၁/၂၀၂၄)

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်)

၁။ ဟားခါး-ထန်တလန်-ဆာဆီချောက်လမ်းပေါ်ရှိ ဘွေနူးမြစ်ကူးတံတား (ဆာဆီချောက်) ပူးတွဲစီမံကိန်းကြီးကြပ်ရေးကော်မတီ (Joint Project Monitoring Committee–JPMC) ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဦးကျော်ကောင်းချို — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
တံတားဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

( ခ ) ဦးထွန်းလင်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံရေး)
တံတားဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

( ဂ ) ဦးဇော်ဝင်းမြင့် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး)
တံတားဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဃ) Mr.Amit Shreeansh — အဖွဲ့ဝင်
ပထမအတွင်းဝန် (ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေး)
အိန္ဒိယသံရုံး၊ ရန်ကုန်မြို့

( င ) Ms.Ritu Yadav — အဖွဲ့ဝင်
ပထမအတွင်းဝန် (အိန္ဒိယဆက်ဆံရေးရုံးအကြီးအကဲ)
နေပြည်တော်

( စ ) Mr.Sundeep Kaushal — အဖွဲ့ဝင်
ကောင်စစ်ဝန်ချုပ်
အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံး၊ မန္တလေးမြို့

(ဆ) ဦးကျော်မျိုးထွန်း — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (မြို့ပြ)
ချင်းပြည်နယ်တာဝန်ခံ၊ လမ်းဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဇ) ဦးကျော်နိုင်ဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဈ) ဦးစိုးမြင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
နယ်နိမိတ်ဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(ည) ဦးဌေးလှိုင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မြေတိုင်းဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဋ) ဦးကျော်စိုးဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဌ) ဦးအောင်မင်းသိုက် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဍ) ဦးဇော်မိုးလွင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မြို့ပြ)
နိုင်ငံတကာဆက်ဆံရေးနှင့် ဥပဒေဌာနခွဲ၊ တံတားဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဎ) ဦးလင်းသီဟ — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
နိုင်ငံတကာရေးရာဦးစီးဌာန
ကာကွယ်ရေးဝန်ကြီးဌာန

(ဏ) ဦးကျော်စွာမင်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ဟားခါးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(တ) ဦးထင်အောင်ကျော် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ထ) ဦးကျော်မင်းဦး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)
ချင်းပြည်နယ်၊ လမ်းဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

( ဒ ) ဦးရှန်နှင်းထန် — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)
ဟားခါးခရိုင်၊ လမ်းဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

( ဓ ) ဦးဒေးဗစ်ဆန်ဇပုမ် — အဖွဲ့ဝင်
ဦးစီးအရာရှိ
ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
ဟားခါးခရိုင်၊ ချင်းပြည်နယ်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

( န ) ဦးဟုန်းလိန်း — အဖွဲ့ဝင်
ဦးစီးအရာရှိ
ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
ဟားခါးခရိုင်၊ ချင်းပြည်နယ်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

( ပ ) ဦးကျော်မျိုးထွန်း — အတွင်းရေးမှူး
အင်ဂျင်နီယာချုပ် (မြို့ပြ)
ချင်းပြည်နယ်တာဝန်ခံ၊ တံတားဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

( ဖ ) ဦးဇေယျာစိုး — တွဲဖက်အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)
တံတားအထူးအဖွဲ့ (၂)၊ တံတားဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဦးဆောင်၍ အကောင်အထည်ဖော်ဆောင်ရွက်မည့် ဘွေနူးမြစ်ကူးတံတား (ဆာသဆီချောက်) ပူးတွဲစီမံကိန်းကြီးကြပ်ရေးကော်မတီ (Joint Project Monitoring Committee–JPMC) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) တံတားမတည်ဆောက်မီ တံတားနေရာရှိ နယ်နိမိတ်မျဉ်းသွယ်တန်းပုံနှင့် နယ်နိမိတ်မြစ်၏ ရေစီးကြောင်းတို့ကို နှစ်ဖက်ဗဟိုအဆင့် မြေတိုင်းကျွမ်းကျင်ပညာရှင်များဖြင့် ပူးတွဲကွင်းဆင်းတိုင်းတာစစ်ဆေးကာ မှတ်တမ်းတင်ခြင်းပြုလုပ်ရန်၊

( ခ ) တံတားတည်ဆောက်ခြင်းကြောင့် နယ်နိမိတ်မျဉ်းသွယ်တန်းမှုကို ထိခိုက်စေနိုင်သည့် မြေပြင်ပြောင်းလဲမှုများ မရှိစေရေးနှင့် နယ်နိမိတ်မြစ်၏ ရေစီးကြောင်းပြောင်းလဲမှုမရှိစေရေး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ အထူးဂရုပြု ဆောင်ရွက်ရန်၊

( ဂ ) တံတားအသစ်တည်ဆောက်ပြီးပါကလည်း တံတားပေါ်တွင် နယ်နိမိတ်မျဉ်းဖြတ်သန်းသွားသည့်နေရာများ၌ ကြေးပြားမြှုပ်နှံခြင်းကဲ့သို့သော သိသာထင်ရှားသည့် အမှတ်အသားများကို မဖြစ်မနေပြုလုပ်ရန်၊

(ဃ) ဘွေနူးမြစ်ကူးတံတား (ဆာသဆီချောက်) တည်ဆောက်မည့်နေရာရှိ နှစ်နိုင်ငံနယ်နိမိတ်မျဉ်းကိစ္စရပ်များ စိစစ်အတည်ပြုသည့်ကိစ္စ၊ နှစ်နိုင်ငံသံတမန်လမ်းကြောင်းအရ ဆက်သွယ်ဆောင်ရွက်ရမည့်ကိစ္စရပ်များအား အဆင်ပြေစွာ ဆောင်ရွက်ပေးသည့်ကိစ္စ၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင်

အိန္ဒိယနိုင်ငံမှ တာဝန်ရှိသူများ ဝင်/ထွက်ခွင့်ရရှိရေးကိစ္စရပ်များအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်သွားရန်၊

(င) ဘွေနူးမြစ်ကူးတံတား (ဆာဆီချောက်) သည် ဘွေနူးမြစ်ကိုဖြတ်၍ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်နှင့် မြန်မာနိုင်ငံချင်းပြည်နယ်တို့ကို ဆက်သွယ်တည်ဆောက်မည့်တံတားဖြစ်ပါသည်။ ဘွေနူးမြစ်ကူးတံတား (ဆာဆီချောက်) အကောင်အထည်ဖော်တည်ဆောက်ရေးအတွက် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ တံတားစီမံကိန်းစတင်ပါက လုံခြုံရေးဆောင်ရွက်နိုင်ရန်အတွက် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်၊

(စ) ဘွေနူးမြစ်ကူးတံတား (ဆာဆီချောက်) မတည်ဆောက်မီကာလအတွင်း မြေယာကိစ္စရပ်များ ဆောင်ရွက်ပေးခြင်း၊ တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အတွင်း သက်ဆိုင်ရာဌာနများအချင်းချင်း ပူးပေါင်းဆက်သွယ်ညှိနှိုင်းပေးခြင်းများကို ပြည်ထဲရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ချင်းပြည်နယ်အစိုးရအဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်သွားရန်၊

(ဆ) ပတ်ဝန်းကျင်လေ့လာဆန်းစစ်မှုဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရာတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်သွားရန်၊

(ဇ) ဘွေနူးမြစ်ကူးတံတား (ဆာဆီချောက်) တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် နယ်စပ်ဖြတ်သန်းခွင့်၊ လူဝင်/ထွက်ကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ သတ်မှတ်ထားသည့်အတိုင်း ဆောင်ရွက်သွားရန်နှင့် အထွေထွေကိစ္စရပ်များအတွက် နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သွားရန်၊

(ဈ) ဘွေနူးမြစ်ကူးတံတား (ဆာဆီချောက်) တည်ဆောက်ရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လိုအပ်သည့်တည်ဆောက်ရေးပစ္စည်းကိရိယာများ တင်ပို့တင်သွင်းလာပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် သတ်မှတ်ထုတ်ပြန်ထားသော ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုင်စင်များခွင့်ပြုပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားရန်၊

(ည) ဘွေနူးမြစ်ကူးတံတား (ဆာဆီချောက်) သည် နှစ်နိုင်ငံနယ်နိမိတ်ဘွေနူးမြစ်ပေါ်တွင် ဖြတ်သန်းတည်ဆောက်မည်ဖြစ်၍ နယ်နိမိတ်သတ်မှတ်မြစ်ချောင်း၏ ရေစီးကြောင်းပြောင်းလဲမှုမရှိစေရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားရန်။

## အမိန့်ကြော်ငြာစာအမှတ် (၁၇၃/၂၀၂၄)

၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်)

## မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဝင်အဖြစ် အစားထိုးတာဝန်ပေးအပ်ခြင်း

တာဝန်ခံဝန်ကြီးဌာနဖြစ်သည့် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (င) အရ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယကအဖွဲ့၏ သဘောတူညီချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေ **အစား** ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချို အား မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဝင်အဖြစ် အစားထိုးတာဝန်ပေးအပ်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၇၄/၂၀၂၄)

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ၂၀၀၀ ပြည့်နှစ်၊ လမ်းမကြီးများဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (င) နှင့် (စ) တို့အရ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပေါက်ခေါင်းမြို့ရှောင်လမ်းအား လမ်းဦးစီးဌာနပိုင် တိုင်းဒေသကြီးမှ စီမံခန့်ခွဲသော မြို့နယ်/ကျေးရွာများဆက်သွယ်သည့် **လမ်းမကြီး** အဖြစ် အောက်ပါအတိုင်း သတ်မှတ်ကြေညာလိုက်သည်–

| | | | |
|---|---|---|---|
| (က) | လမ်းမကြီးအမည် | – | ပေါက်ခေါင်းမြို့ရှောင်လမ်း |
| (ခ) | လမ်းမကြီးအရှည် | – | ၂ မိုင် ၃၄၀ ပေ သို့မဟုတ် ၃.၃၂၂ ကီလိုမီတာ |
| (ဂ) | လမ်းစတင်သည့်နေရာ | – | ပြည်–ပေါက်ခေါင်း–တောင်ငူလမ်း၏ မိုင်တိုင်အမှတ် (၁၈/၇) အနီး၊ ပေါက်ခေါင်းမြို့ |
| (ဃ) | လမ်းဆုံးရောက်ရှိသည့်နေရာ | – | ပြည်–ပေါက်ခေါင်း–တောင်ငူလမ်း၏ မိုင်တိုင်အမှတ် (၂၁/၁) အနီး၊ စမ်းကလေးရွာ |
| (င) | လမ်းအဆင့်အတန်း | – | မြို့နယ်/ကျေးရွာများ ဆက်သွယ်သည့်လမ်း |
| (စ) | လမ်းနယ်နိမိတ် | – | ၁၀၀ ပေ |

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ပဲခူးတိုင်းဒေသကြီး အတွင်းရှိ လမ်းမိုင်အရှည်စုစုပေါင်းကို ၂၃၈၅ မိုင် ၃ ဖာလုံ ၃၁၆ ပေ သို့မဟုတ် ၃၈၃၈.၉၈၄ ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၇၅/၂၀၂၄)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ၂၀၀၀ ပြည့်နှစ်၊ လမ်းမကြီးများဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (င) နှင့် (စ) တို့အရ မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျောက်ထုမြို့ရှောင်လမ်းအား လမ်းဦးစီးဌာနပိုင် တိုင်းဒေသကြီးမှ စီမံခန့်ခွဲသော မြို့နယ်/ကျေးရွာများဆက်သွယ်သည့် **လမ်းမကြီး** အဖြစ် အောက်ပါအတိုင်း သတ်မှတ်ကြေညာလိုက်သည်–

| | | | |
|---|---|---|---|
| (က) | လမ်းမကြီးအမည် | – | ကျောက်ထုမြို့ရှောင်လမ်း |
| (ခ) | လမ်းမကြီးအရှည် | – | ၁ မိုင် ၁၀၀ ပေ သို့မဟုတ် ၁.၆၄ ကီလိုမီတာ |
| (ဂ) | လမ်းစတင်သည့်နေရာ | – | ပခုက္ကူ–ပေါက်–ကျောက်ထု–ကံကြီး–မင်းတပ်လမ်း၏ မိုင်တိုင်အမှတ် (၇၇/၅) အနီး |
| (ဃ) | လမ်းဆုံးရောက်ရှိသည့်နေရာ | – | ပခုက္ကူ–ပေါက်–ကျောက်ထု–ကံကြီး–မင်းတပ်လမ်း၏ မိုင်တိုင်အမှတ် (၇၉/၄) အနီး |
| (င) | လမ်းအဆင့်အတန်း | – | မြို့နယ်/ကျေးရွာများ ဆက်သွယ်သည့်လမ်း |
| (စ) | လမ်းနယ်နိမိတ် | – | ၁၀၀ ပေ |

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော မကွေးတိုင်းဒေသကြီး အတွင်းရှိ လမ်းမိုင်အရှည်စုစုပေါင်းကို ၄၆၀၀ မိုင် ၁ ဖာလုံ ၆၃ ပေ သို့မဟုတ် ၇၄၀၃.၂၀၂ ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၁၈၁/၂၀၂၄)**

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်)

**ကောင်စီဒုတိယဥက္ကဋ္ဌ (၂) အဖြစ် တာဝန်ပေးအပ်ခြင်း**

တာဝန်ခံဝန်ကြီးဌာနဖြစ်သည့် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံဗိသုကာကောင်စီတွင် လစ်လပ်လျက်ရှိသော ကောင်စီဒုတိယဥက္ကဋ္ဌ (၂) နေရာအတွက် ကောင်စီဝင်များမှ မြန်မာနိုင်ငံဗိသုကာ ကောင်စီနည်းဥပဒေများ နည်းဥပဒေ ၄၊ ၂၁ တို့နှင့်အညီ ရွေးကောက်တင်မြှောက်ပြီးကြောင်းတင်ပြချက် အရ ကောင်စီဝင် ဦးပါစီမျိုးမြင့် အား ဒုတိယဥက္ကဋ္ဌ (၂) အဖြစ် တာဝန်ပေးအပ်လိုက်သည်။

မျိုးသန့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၂၄)**

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)

**ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။　ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့ ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ် ၂၁/၂၀၂၄ ဖြင့် ဖွဲ့စည်းထားသည့် **ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြောရေး ဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ပြင်ဆင်ဖွဲ့စည်းခြင်း** ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြန်လည် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ဦးလှိုင်ဦး　　ဥက္ကဋ္ဌ
အမြဲတမ်းအတွင်းဝန်
ဝန်ကြီးရုံး
(ဖုန်း-၀၉၅၀၂၂၃၀၄၊ ၀၆၇-၃၄၀၆၄၉၃)
E-mail-dg.mo@tourism.gov.mm

(ခ) ဦးမောင်မောင်ကျော်　　အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန
(ဖုန်း-၀၉၄၂၀၇၀၄၅၅၅၊ ၀၆၇-၃၄၀၆၀၇၈)
E-mail-dgoffice1.dhtd@gmail.com

(ဂ) ဦးအောင်အေးဟန်　　အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန
(ဖုန်း-၀၉၅၀၃၄၅၈၊ ၀၆၇-၃၄၀၆၁၄၅)
E-mail-ddg.moht@tourism.gov.mm

(ဃ) ဦးမြင့်ထွေး အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန
(ဖုန်း-၀၉၅၀၇၃၉၃၅၊ ၀၆၇-၃၄၀၆၀၈၂)
E-mail-myinthtwe@tourism.gov.mm

( င ) ဦးဇေယျာမျိုးအောင် အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန
(ဖုန်း-၀၉၂၅၄၂၇၂၇၆၇၊ ၀၆၇-၃၄၀၆၄၄၈)
E-mail-ddg.tourism@gmail.com

( စ ) ဦးတင်ထွန်းအောင် အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန
(ဖုန်း-၀၉၄၂၀၇၀၄၈၀၈၊ ၀၆၇-၃၄၀၆၀၉၇)
E-mail-

(ဆ) ဦးမျိုးဝင်းညွန့် အတွင်းရေးမှူး
ဒုတိယအမြဲတမ်းအတွင်းဝန်
ဝန်ကြီးရုံး
(ဖုန်း-၀၉၂၅၀၀၉၃၇၉၄၊ ၀၆၇-၃၄၀၆၄၅၄)
E-mail-myowinnyunt@tourism.gov.mm

၂။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဝန်ကြီးဌာန၏ ရည်ရွယ်ချက်၊ မူဝါဒ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကိုပြည်သူလူထုမှနားလည်သဘောပေါက်စေရန် သတင်းထုတ်ပြန်ပေးခြင်း၊

( ခ ) ပြည်တွင်း ပြည်ပရှိ သတင်းဌာနများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ သတင်းဌာနများမှ မေးမြန်းလာသည့်ကိစ္စရပ်များအား အချိန်နှင့်တစ်ပြေးညီဖြေကြားခြင်း၊ ပြန်ကြားခြင်း၊

( ဂ ) ဝန်ကြီးဌာန၏ လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပြင်ပဉ္စထင်မြင်ယူဆလွဲမှားထွက်ပေါ်နေသည့် သတင်းတု၊ သတင်းမှားများအပေါ် သတင်းမှန်ထုတ်ပြန် ပြန်ကြားခြင်း၊

(ဃ) ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ နယ်ရုံးခွဲများ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအား ပြည်သူလူထုမှ ပိုမိုကျယ်ပြန့်စွာ သိရှိနိုင်ရေးအတွက် သက်ဆိုင်ရာနယ်ရုံးခွဲများအလိုက် စိစစ်ကြပ်မတ် သတင်းထုတ်ပြန်နိုင်ရေး ညွှန်ကြားဆောင်ရွက်ခြင်း။

ဒေါက်တာ သက်သက်ခိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၄)**

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်)

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၂၄) ၏ သဘောတူခွင့်ပြုချက်အရ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) (၅) ဦးတို့အား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါဌာနများရှိ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာများသို့ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါ်စန်းစန်းထွန်း<br>ဒုတိယညွှန်ကြားရေးမှူး<br>အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်<br>စီမံခန့်ခွဲမှုဌာနခွဲ၊ ပြည်ထောင်စုဝန်ကြီးရုံး | <br>ညွှန်ကြားရေးမှူး<br>ဧရာဝတီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၊<br>တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန |
| (၂) | ဦးဝင်းခိုင်<br>ဒုတိယညွှန်ကြားရေးမှူး<br>မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၊<br>တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန | <br>ညွှန်ကြားရေးမှူး<br>မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၊<br>တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန |
| (၃) | ဦးထွန်းလင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ကယားပြည်နယ်ညွှန်ကြားရေးမှူးရုံး<br>တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန | <br>ညွှန်ကြားရေးမှူး<br>ကယားပြည်နယ်ညွှန်ကြားရေးမှူးရုံး<br>တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန |
| (၄) | ဒေါက်တာ ရောဘတ်သွမ်မန်လိန်း<br>ဒုတိယညွှန်ကြားရေးမှူး<br>တိုင်းရင်းသားလူမှုဘဝမြှင့်တင်ရေးဌာနခွဲ<br>(ရုံးချုပ်)၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု<br>ဦးစီးဌာန | <br>ညွှန်ကြားရေးမှူး<br>စစ်ကိုင်းတိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး၊<br>တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန |
| (၅) | ဒေါ်သန္တာလင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>စီမံခန့်ခွဲရေးနှင့် ငွေစာရင်းဌာနခွဲ<br>(ရုံးချုပ်)၊ တိုင်းရင်းသားအခွင့်အရေးများ<br>ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန | <br>ညွှန်ကြားရေးမှူး<br>မွန်ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊<br>တိုင်းရင်းသားအခွင့်အရေးများ<br>ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန |

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၄)

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်)

၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ (၁/၂၀၂၄) အစည်းအဝေးမှတ်တမ်းအရ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးနှင့် သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်ပေါ်လာနိုင်သော ဝန်ကြီးဌာန၏ ရုံးအဆောက်အဦများ၊ နိုင်ငံပိုင်အိမ်ရာ အဆောက်အဦများနှင့် ပစ္စည်းများပျက်စီးဆုံးရှုံးမှုများ လျှော့နည်းသက်သာစေရေး၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ ထိခိုက်မှုမရှိစေရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာကြိုတင်ပြင်ဆင်ခြင်း၊အရေးပေါ်တုံ့ပြန်ခြင်း၊ပြန်လည်ထူထောင်ခြင်းဆိုင်ရာကိစ္စရပ်များ ကြိုတင်ကာကွယ်နိုင်ရေးနှင့် အထက်အကြီးအကဲများ၏ လမ်းညွှန်မှုများအား အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | Jeng Phang နော်တောင်<br>ပြည်ထောင်စုဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဦးဇော်အေးမောင်<br>ဒုတိယဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးဝင်းနိုင်<br>ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးမင်းအေးကို<br>ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဦးမင်းသူရအောင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒေါ်နန်းလောဝ်ဟွမ်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာ အယ်လ်တူးမိန်းဂေါင်<br>အမြဲတမ်းအတွင်းဝန်<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဇ) | ဦးဇော်ထွန်း<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ကော်မတီ၏ လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ရန်အတွက် လိုအပ်သောအဖွဲ့များ ဖွဲ့စည်းပေးခြင်း၊ အဆင့်ဆင့်သောလုပ်ငန်းများအနက် အရေးကြီးသော လုပ်ငန်းများအား မူဝါဒပေးခြင်း၊ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်တိုးတက်မှုကို ပြန်လည်သုံးသပ်၍ လိုအပ်သလိုလမ်းညွှန်ရန်၊

(ခ) သဘာဝဘေးကြုံတွေ့နေချိန်တွင် ဌာနတွင်းအင်အားစုများကို လိုအပ်သလို ထုတ်နုတ်သုံးစွဲနိုင်ရေးအတွက် မူဝါဒဆိုင်ရာ လမ်းညွှန်ချက်များ ချမှတ်ပေးရန်၊

(ဂ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အကူအညီလိုအပ်သည်ဟုဆုံးဖြတ်သော ကိစ္စများအတွက် ပေါင်းစပ်ဆောင်ရွက်ရေးဆိုင်ရာ အခြေခံမူဝါဒများ ချမှတ်ပေးရန်၊

(ဃ) ဘဏ္ဍာရေးဆိုင်ရာ လိုအပ်ချက်နှင့် လိုအပ်သောအရင်းအမြစ်များအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြတောင်းခံ၍ ဤဝန်ကြီးဌာနရှိ လိုအပ်သောဌာနများသို့ ကူညီပံ့ပိုးပေးရန်၊

(င) သဘာဝဘေးအန္တရာယ်သင့်သူများအတွက် လိုအပ်သော လူသားချင်းစာနာမှုအကူအညီများ ထောက်ပံ့နိုင်ရန် သက်ဆိုင်သည့်အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာ အကူအညီပေးသူများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောအစီအစဉ်များ ညှိနှိုင်းဖော်ဆောင်ပေးရန်၊

(စ) သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရေးနှင့် အခက်အခဲအဟန့်အတားများ မရှိစေရေးအတွက်လည်းကောင်း၊ သဘာဝဘေးကြုံတွေ့ချိန်နှင့် ကြုံတွေ့ပြီးချိန်များတွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက်လည်းကောင်း လိုအပ်ပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်။

Jeng Phang နော်တောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၂၄)**

၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်)

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့၌ ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၈/၂၀၂၄) ၏ သဘောတူခွင့်ပြုချက်အရ ဥက္ကဋ္ဌရုံးအဖွဲ့မှ ဒုတိယဦးစီးမှူး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဒေါ်အိအိမွန် အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၆၅/၂၀၂၄)

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့၌ ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂၈/၂၀၂၄) ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ ရုံးအုပ်/စာရင်းကိုင်-၁၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) (၅) ဦးတို့အား ၎င်းတို့နှင့်ယှဉ်တွဲပါဌာနအသီးသီးတွင် လစ်လပ်လျက်ရှိသည့် ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ မူလရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| ၁။ | ဒေါ်ဥမ္မာစိုး<br>ရုံးအုပ်<br>ဝန်ထမ်းရေးရာဦးစီးဌာန | ဦးစီးအရာရှိ<br>ဝန်ထမ်းရေးရာဦးစီးဌာန |
| ၂။ | ဒေါ်ကြည်ပြာစိုး<br>ရုံးအုပ်<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန | ဦးစီးအရာရှိ<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန |
| ၃။ | ဒေါ်ဝင်းစန္ဒာဦး<br>စာရင်းကိုင်-၁<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန | ဦးစီးအရာရှိ<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန |
| ၄။ | ဒေါ်သဥ္ဇာ<br>ရုံးအုပ်<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန | ဦးစီးအရာရှိ<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန |
| ၅။ | ဒေါ်စန်းစန်းမြင့်<br>ရုံးအုပ်<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန | ဦးစီးအရာရှိ<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန |

## အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၂၄)

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၇၆၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဝန်ထမ်း၏ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်မဟုတ်ဘဲ မမျှော်မှန်းနိုင်သည့် အခြေအနေကြောင့် အလုပ်ခွင်မှကင်းကွာနေသောဝန်ထမ်း၊ ဌာနသို့ ပြန်လည်ရောက်ရှိသတင်းပို့လာသည့် ဝန်ထမ်း၊ အလုပ်ခွင်မှကင်းကွာနေစဉ် သေဆုံးသည့်ဝန်ထမ်းများ၏ ဝန်ထမ်းရေးရာခံစားခွင့်များရရှိနိုင်ရေး ဆောင်ရွက်ရာတွင် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် တစ်ပြေးညီဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်း များကို ထုတ်ပြန်သတ်မှတ်လိုက်သည်။

**၁။ ဝန်ထမ်း၏ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်မဟုတ်ဘဲ မမျှော်မှန်းနိုင်သည့်အခြေအနေကြောင့် အလုပ်ခွင်မှ ကင်းကွာနေသည့်ဝန်ထမ်း**

(က) ဝန်ထမ်း၏ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်မဟုတ်ဘဲ မမျှော်မှန်းနိုင်သည့်အခြေအနေကြောင့် အလုပ်ခွင်မှကင်းကွာပြီး ဝန်ထမ်းပျောက်ဆုံးမှုအခြေအနေအကြောင်းအရင်းမှန်ကို သိရှိနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ ပျောက်ဆုံးကြောင်းသိရှိသည့်နေ့ သို့မဟုတ် ပျောက်ဆုံးသည်ဟု ယူဆဖွယ်ရှိသည့်အထောက်အထားရရှိသည့်နေ့မှစ၍ တစ်လအတွင်း နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၈၂ ပါ ပြဋ္ဌာန်းချက်အရ ရှေးဦးစုံစမ်းမှုကို စစ်ဆေးဆောင်ရွက်ရမည်။ ရှေးဦးစုံစမ်းမှုပြုလုပ်ရာတွင် တွေ့ရှိရသည့်အချက်များအရ ဌာနဆိုင်ရာစစ်ဆေးရန်လိုအပ်ကြောင်း ခိုင်လုံစွာတွေ့ရှိရလျှင် ရှေးဦးစုံစမ်းမှုစစ်ဆေးဆောင်ရွက်ပြီး နှစ်လအတွင်း ဌာနဆိုင်ရာစစ်ဆေးမှုကို

နည်းဥပဒေ ၁၉၄ ပါ ပြဋ္ဌာန်းချက်အရ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးက တာဝန်ပေးအပ်ဆောင်ရွက်ရမည်။

(ခ) ရှေးဦးစုံစမ်းရန်တာဝန်ပေးအပ်သည့်အကြီးအမှူးသည် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၉၁ အရ ရှေးဦးစုံစမ်းရေးအဖွဲ့၏ အစီရင်ခံစာကို အဖွဲ့ဖြင့် စိစစ်လေ့လာသုံးသပ်ချက် သို့မဟုတ် နည်းဥပဒေ ၂၀၄ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာအပေါ် စိစစ်သုံးသပ်၍ အဆုံးအဖြတ်ပေးနိုင်ရေးအဖွဲ့၏ စိစစ်သုံးသပ်ချက်များအရ ဝန်ထမ်းသည် မရိုးသားခြင်း၊ နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှုမရှိခြင်း၊ မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းခြင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသည့် လှုပ်ရှားမှုတစ်ခုခုတွင် ပါဝင်ခြင်း သို့မဟုတ် လှုံ့ဆော်ခြင်း သို့မဟုတ် အားပေးကူညီခြင်းတို့ကို ကျူးလွန်ကြောင်းစစ်ဆေးတွေ့ရှိရပါက အဆိုပါဝန်ထမ်းကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၃ ပါ ဝန်ထမ်းစည်းကမ်းဆိုင်ရာပြစ်ဒဏ်များချမှတ်နိုင်ရေးအပြင် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၃၈ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၆၈ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဥပဒေကြောင်းအရ အရေးယူရမည့်ကိစ္စဖြစ်ပါက ဥပဒေကြောင်းအရ အရေးယူနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းက ဆောင်ရွက်ရမည်။

(ဂ) ရှေးဦးစုံစမ်းရန်တာဝန်ပေးအပ်သည့် အကြီးအမှူးသည် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၉၁ အရ ရှေးဦးစုံစမ်းရေးအဖွဲ့၏ အစီရင်ခံစာကို အဖွဲ့ဖြင့် စိစစ်လေ့လာသုံးသပ်ချက် သို့မဟုတ် နည်းဥပဒေ ၂၀၄ ပါပြဋ္ဌာန်းချက်နှင့်အညီ ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာအပေါ်စိစစ်သုံးသပ်၍ အဆုံးအဖြတ်ပေးနိုင်ရေးအဖွဲ့၏ စိစစ်သုံးသပ်ချက်များအရ ဝန်ထမ်းသည် မရိုးသားခြင်း၊ နိုင်ငံတော်အပေါ်သစ္စာစောင့်သိမှုမရှိခြင်း၊ မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ငြိစွန်းခြင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသည့်လှုပ်ရှားမှုတစ်ခုခုတွင် ပါဝင်ခြင်း သို့မဟုတ် လှုံ့ဆော်ခြင်း သို့မဟုတ် အားပေးကူညီခြင်းတို့ကို ကျူးလွန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ပျောက်ဆုံးနေသော ဝန်ထမ်း၏ အမွေဆက်ခံခွင့်ရှိသော မိသားစုဝင်များကို ပျောက်ဆုံးကြောင်း သိရှိသည့်နေ့ သို့မဟုတ် ပျောက်ဆုံးသည်ဟု ယူဆဖွယ်ရှိသည့် အထောက်အထားရရှိသည့်နေ့မှစ၍ ခြောက်လအထိ ဝန်ထမ်းလက်ရှိခံစားနေသော လစာနှုန်းပြည့်နှင့် စရိတ်ခံစားခွင့်ပြုနိုင်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အဖွဲ့အစည်း၏ စီမံခန့်ခွဲရေးကော်မတီနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့၏ သဘောတူညီချက်ဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့၏ သဘောထားမှတ်ချက်များရယူ၍ ယင်းသဘောထားမှတ်ချက်များနှင့်အတူ ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ ပေးပို့၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောထားမှတ်ချက်ရယူရမည်။

(ဃ) ပြည်ထောင်စုရာထူးဝန်အဖွဲ့က နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်၍ သဘောထားမှတ်ချက်ပြန်ကြားရမည်။

(င) ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောထားရယူပြီး သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူရမည်။

(စ) ပျောက်ဆုံးနေသောဝန်ထမ်း၏ အမွေဆက်ခံခွင့်ရှိသော မိသားစုဝင်များကို ဒုတိယအကြိမ်ခြောက်လ ဝန်ထမ်းလက်ရှိခံစားနေသော လစာနှုန်းပြည့်နှင့် စရိတ်ခံစားခွင့်ပြုနိုင်ရေးအတွက် ဝန်ထမ်းပျောက်ဆုံးမှု အခြေအနေကိုသုံးသပ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အဖွဲ့အစည်း၏ စီမံခန့်ခွဲရေးကော်မတီနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့၏ သဘောတူညီချက်ဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့၏ သဘောထားမှတ်ချက်များရယူ၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ သဘောထားမှတ်ချက်ရယူရမည်။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောထားပြန်ကြားချက်နှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူရမည်။

(ဆ) အလုပ်ခွင်မှကင်းကွာနေသည့်ဝန်ထမ်းသည် တစ်နှစ်ပြည့်သည်အထိ ပြန်လည်ရောက်ရှိခြင်းမရှိပါက သေဆုံးကြောင်းမှတ်ယူပြီး မိသားစုအထူးပင်စင်ခံစားခွင့်ပြုနိုင်ရေး ဆောင်ရွက်ပေးရမည်။

## ၂။ ဝန်ထမ်း၏ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်မဟုတ်ဘဲ မမျှော်မှန်းနိုင်သည့်အခြေအနေကြောင့် အလုပ်ခွင်မှ ကင်းကွာနေပြီး ဌာနသို့ ပြန်လည်ရောက်ရှိသတင်းပို့လာသည့်ဝန်ထမ်း

(က) ဝန်ထမ်း၏ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်မဟုတ်ဘဲ မမျှော်မှန်းနိုင်သည့်အခြေအနေကြောင့် အလုပ်ခွင်မှကင်းကွာပြီး ဝန်ထမ်းပျောက်ဆုံးမှုအခြေအနေအကြောင်းအရင်းမှန်ကို သိရှိနိုင်ရန် ဌာန သို့မဟုတ် အလုပ်ခွင်သို့ပြန်လည်ရောက်ရှိသတင်းပို့သည့်နေ့မှစ၍ တစ်လအတွင်း နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၈၂ ပါ ပြဋ္ဌာန်းချက်အရ ရှေးဦးစုံစမ်းမှုကို စစ်ဆေးဆောင်ရွက်ရမည်။ ရှေးဦးစုံစမ်းမှုပြုလုပ်ရာတွင် တွေ့ရှိရသည့်အချက်များအရ ဌာနဆိုင်ရာစစ်ဆေးရန် လိုအပ်ကြောင်း ခိုင်လုံစွာတွေ့ရှိရလျှင် ဌာနဆိုင်ရာစစ်ဆေးမှုကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၉၄ ပါ ပြဋ္ဌာန်းချက်အရ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးက တာဝန်ပေးအပ်ဆောင်ရွက်ရမည်။

(ခ) ရှေးဦးစုံစမ်းရန်တာဝန်ပေးအပ်သည့်အကြီးအမှူးသည် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၉၁ အရ ရှေးဦးစုံစမ်းရေးအဖွဲ့၏ အစီရင်ခံစာကို အဖွဲ့ဖြင့် စိစစ်လေ့လာသုံးသပ်ချက် သို့မဟုတ် နည်းဥပဒေ ၂၀၄ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာအပေါ် စိစစ်သုံးသပ်၍ အဆုံးအဖြတ်ပေးနိုင်ရေးအဖွဲ့၏စိစစ်သုံးသပ်ချက်များအရ ဝန်ထမ်းသည် မရိုးသားခြင်း၊ နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှုမရှိခြင်း၊ မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်အက်ဥပဒေတို့ပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းခြင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသည့် လှုပ်ရှားမှုတစ်ခုခုတွင် ပါဝင်ခြင်း သို့မဟုတ် လှုံ့ဆော်ခြင်း သို့မဟုတ် အားပေးကူညီခြင်းတို့အား ကျူးလွန်ကြောင်းစစ်ဆေးတွေ့ရှိရ ပါက အဆိုပါဝန်ထမ်းကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၃ ပါ ဝန်ထမ်းစည်းကမ်းဆိုင်ရာပြစ်ဒဏ်များ ချမှတ်နိုင်ရေးအပြင် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၃၈ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၆၈ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဥပဒေကြောင်းအရ အရေးယူရမည့်ကိစ္စရပ်ဖြစ်ပါက ဥပဒေကြောင်းအရ အရေးယူနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းက ဆောင်ရွက်ရမည်။

(ဂ) ရှေးဦးစုံစမ်းရန်တာဝန်ပေးအပ်သည့် အကြီးအမှူးသည် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၉၁ အရ ရှေးဦးစုံစမ်းရေးအဖွဲ့၏ အစီရင်ခံစာကို အဖွဲ့ဖြင့် စိစစ်လေ့လာသုံးသပ်ချက် သို့မဟုတ် နည်းဥပဒေ ၂၀၄ ပါပြဋ္ဌာန်းချက်နှင့်အညီ ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာအပေါ်စိစစ်သုံးသပ်၍ အဆုံးအဖြတ်ပေးနိုင်ရေးအဖွဲ့၏ စိစစ်သုံးသပ်ချက်များအရ အလုပ်ခွင်မှကင်းကွာပြီးနောက် ဌာနသို့ ပြန်လည်ရောက်ရှိသတင်းပို့လာသည့်ဝန်ထမ်းသည် မရိုးသားခြင်း၊ နိုင်ငံတော်အပေါ်သစ္စာစောင့်သိမှုမရှိ ခြင်း၊ မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ငြိစွန်းခြင်း၊ နိုင်ငံတော်လုံခြုံရေး နှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသည့်လှုပ်ရှားမှုတစ်ခုခုတွင် ပါဝင်ခြင်း သို့မဟုတ် လှုံ့ဆော်ခြင်း သို့မဟုတ် အားပေးကူညီခြင်းတို့အား ကျူးလွန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက အဆိုပါဝန်ထမ်းအား မူလရာထူးနေရာတွင် တာဝန်ပြန်လည်ပေးအပ်နိုင်ရေး၊ အလုပ်ခွင်မှကင်းကွာနေသည့်ကာလအတွက် ဝန်ထမ်းလက်ရှိခံစားနေသော လစာနှုန်းပြည့်နှင့် စရိတ်ခံစားခွင့်ပြုနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အဖွဲ့အစည်း၏ စီမံခန့်ခွဲရေးကော်မတီနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့၏ သဘောတူညီချက်ဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့၏ သဘောထားမှတ်ချက်များရယူ၍ ယင်းသဘောထားမှတ်ချက်များနှင့်အတူ ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ ပေးပို့၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောထားမှတ်ချက်ရယူရမည်။

(ဃ) ဝန်ထမ်းပြန်လည်ရောက်ရှိသတင်းပို့လာသည့်အချိန်တွင် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၅၄၊ နည်းဥပဒေခွဲ (က) ပါ ဒဏ်ရာအနာတရဖြစ်စေခြင်းနှင့် အကျုံးဝင်ပါက အထူးပင်စင်ကို နည်းဥပဒေ ၂၅၉၊ ၂၆၀၊ ၂၆၁ နှင့် ၂၆၂ တို့ပါ အနာတရဖြစ်မှုအဆင့်အလိုက် အထူးပင်စင်ခံစားခွင့်ပြုရမည်။

(င) ပြည်ထောင်စုရာထူးဝန်အဖွဲ့က နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများနှင့် ညီညွတ်မှု ရှိမရှိ စိစစ်၍ သဘောထားမှတ်ချက်ပြန်ကြားရမည်။

(စ) ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောထားပြန်ကြားချက်နှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းက ပြန်လည်သတင်းပို့လာသည့်ဝန်ထမ်းကို ဆက်လက်တာဝန်ပေးအပ်ရန် အလုပ်ခွင်မှ ကင်းကွာနေသည့်ကာလအတွက် ဝန်ထမ်းလက်ရှိခံစားနေသော လစာနှင့် စရိတ်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ခံစားခွင့်ပြုနိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက် ရယူရမည်။

(ဆ) ဝန်ထမ်း၏ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်မဟုတ်ဘဲ အလုပ်ခွင်မှကင်းကွာပြီး တစ်နှစ်ပြည့် ပြီးနောက် ပြန်လည်ရောက်ရှိသတင်းပို့လာသည့် ဝန်ထမ်းများအတွက် ဥပဒေနှင့်ငြိစွန်းခြင်း ရှိ မရှိ အမှုကိစ္စတစ်ခုချင်းအလိုက် စိစစ်တင်ပြရမည်။

## ၃။ ဝန်ထမ်း၏ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်မဟုတ်ဘဲ မမျှော်မှန်းနိုင်သည့်အခြေအနေကြောင့် အလုပ်ခွင်မှကင်းကွာနေစဉ် သေဆုံးသည့်ဝန်ထမ်း

(က) ဝန်ထမ်း၏ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်မဟုတ်ဘဲ မမျှော်မှန်းနိုင်သည့်အခြေအနေကြောင့် အလုပ်ခွင်မှကင်းကွာနေစဉ် သေဆုံးကြောင်းသိရှိရသည့်နေ့ သို့မဟုတ် ဝန်ထမ်းသေဆုံးသည့် အထောက် အထားများရရှိသည့်နေ့မှစ၍ တစ်လအတွင်း သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၈၂ ပါ ပြဋ္ဌာန်းချက်အရ ရှေးဦးစုံစမ်းမှုကို စစ်ဆေးဆောင်ရွက်ရမည်။ ရှေးဦးစုံစမ်းမှုပြုလုပ်ရာတွင် တွေ့ရှိရသည့်အချက်များအရ ဌာနဆိုင်ရာစစ်ဆေးရန်လိုအပ်ကြောင်း ခိုင်လုံစွာတွေ့ရှိရလျှင် ရှေးဦးစုံစမ်းမှုစစ်ဆေးဆောင်ရွက်ပြီး နှစ်လအတွင်း ဌာနဆိုင်ရာစစ်ဆေးမှုကို နည်းဥပဒေ ၁၉၄ ပါ ပြဋ္ဌာန်းချက်အရ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ဝန်ထမ်း အဖွဲ့အစည်းအကြီးအမှူးက တာဝန်ပေးအပ်ဆောင်ရွက်ရမည်။

(ခ) ရှေးဦးစုံစမ်းရန်တာဝန်ပေးအပ်သည့်အကြီးအမှူးသည် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၉၁ အရ ရှေးဦးစုံစမ်းရေးအဖွဲ့၏ အစီရင်ခံစာကို အဖွဲ့ဖြင့် စိစစ်လေ့လာသုံးသပ်ချက် သို့မဟုတ် နည်းဥပဒေ ၂၀၄ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာအပေါ် စိစစ်သုံးသပ်၍ အဆုံးအဖြတ်ပေးနိုင်ရေးအဖွဲ့၏ စိစစ်သုံးသပ်ချက်များအရ အလုပ်ခွင်မှကင်းကွာပြီး ပျောက်ဆုံးနေစဉ် သေဆုံးသည့်ဝန်ထမ်းသည် မရိုးသားခြင်း၊ နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှုမရှိခြင်း၊ မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းခြင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသည့် လှုပ်ရှားမှုတစ်ခုခုတွင်ပါဝင်ခြင်း သို့မဟုတ် လှုံ့ဆော်ခြင်း သို့မဟုတ် အားပေးကူညီခြင်း တို့အား ကျူးလွန်မှုမရှိကြောင်းစစ်ဆေးတွေ့ရှိရပါက အလုပ်ခွင်မှကင်းကွာနေစဉ် သေဆုံးသည့်ဝန်ထမ်း၏ အမွေဆက်ခံခွင့်ရှိသော မိသားစုဝင်များကို မိသားစုအထူးပင်စင်ခံစားခွင့်ပြုနိုင်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အဖွဲ့အစည်း၏ စီမံခန့်ခွဲရေးကော်မတီနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့၏ သဘောတူညီချက်ဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့၏ သဘောထားမှတ်ချက်များရယူ၍ ယင်းသဘောထားမှတ်ချက်များနှင့် အတူ ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ ပေးပို့၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောထားမှတ်ချက်ရယူ ရမည်။

(ဂ) ပြည်ထောင်စုရာထူးဝန်အဖွဲ့က နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်၍ သဘောထားမှတ်ချက်ပြန်ကြားရမည်။

(ဃ) ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောထားပြန်ကြားချက်နှင့်အတူ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့ အစည်းအနေဖြင့် ဝန်ထမ်းသေဆုံးသည့်အထောက်အထားများအရ အမွေဆက်ခံခွင့်ရှိသော မိသားစုဝင် များအား မိသားစုအထူးပင်စင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူရမည်။

(င) အထက်အပိုဒ် (ဃ) အရ မိသားစုအထူးပင်စင်ခွင့်ပြုပြီးနောက် ဝန်ထမ်းကိုပြန်လည်တွေ့ရှိပါက မိသားစုပင်စင် အကျိုးခံစားခွင့်ရှိသူမှ ထုတ်ယူခဲ့သော ပင်စင်လစာငွေနှင့် လုပ်သက်ဆုငွေတို့ကို တစ်လုံးတည်း ပြန်လည် ပေးသွင်းရမည်။

(စ) သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အဖွဲ့အစည်းက ဝန်ထမ်း၏ကင်းကွာနေသည့်ကာလအတွင်း ရရှိခံစားထိုက်သော လစာနှုန်းပြည့်နှင့် စရိတ်ခံစားခွင့်ပြန်လည်ရရှိရေးအတွက် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး အရေးယူဆောင်ရွက်ရမည့်ကိစ္စရပ်များအတွက် အထူးကိစ္စရပ်အနေဖြင့် ဆက်လက်ဆောင်ရွက်သွားရန် ဖြစ်သည်။

အောင်သော်
ဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ကချင်ပြည်နယ်အစိုးရအဖွဲ့

## ရုံးအမိန့်အမှတ် (၇၄/၂၀၂၄)

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်)

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၅ ရက် (သောကြာ) နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၄) မှတ်တမ်းကောက်နုတ်ချက်အရ ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ ဖွဲ့စည်းပုံတွင် နန့်မွန်းမြို့ စည်ပင်သာယာရေးအဖွဲ့အား “င” အဆင့်ဖြင့် အရာထမ်းရာထူး (၁) နေရာ၊ အမှုထမ်းရာထူး (၄၄) နေရာ စုစုပေါင်းရာထူး (၄၅) နေရာ တိုးချဲ့ပြီး ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ ဖွဲ့စည်းပုံကို အရာထမ်း (၆၈) နေရာ၊ အမှုထမ်းရာထူး (၂၅၃) နေရာ စုစုပေါင်းရာထူး (၂၆၂၁) နေရာဖြင့် တိုးချဲ့ဖွဲ့စည်းခွင့်ပြုလိုက်သည်။

ခက်ထိန်နန်
ပြည်နယ်ဝန်ကြီးချုပ်
ကချင်ပြည်နယ်အစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၄)

ရန်ကုန်မြို့၊ ၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (ရေစီးရေလာစီမံခန့်ခွဲမှု) မှ ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး) (အင်ဂျင်နီယာ)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ကိုယ်ပိုင်အမှတ် မစ - ၀၄၆၄ ဦးစိုးသိန်းအောင်၏ သက်ပြည့်အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် ၂၂-၉-၂၀၂၄ ရက်နေ့မှ ၂၁-၁-၂၀၂၅ ရက်နေ့အထိ (၄) လကို ကော်မတီဝင်များ အစည်းအဝေးအမှတ်စဉ် (၂၁/၂၀၂၄) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ အရ အများပြည်သူအကျိုးငှာငြင်းပယ်၍ ငြင်းပယ်ခဲ့သော ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၂) နှစ်ပြည့်သည့် ၂၂-၁-၂၀၂၅ ရက်နေ့မှ ၂၁-၅-၂၀၂၅ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ယင်းခွင့်ကုန်ဆုံးပြီးနောက်တစ်နေ့ဖြစ်သော ၂၂-၅-၂၀၂၅ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

ဗိုလ်ဋ္ဌေး
ဥက္ကဋ္ဌ (မြို့တော်ဝန်)
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

မှတ်ပုံတင်အမှတ်-၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက် (၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

**အမိန့်ကြော်ငြာစာအမှတ် (၁၇၉/၂၀၂၄)**

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ စီးပွားရေးရာဌာနကြီးတွင် လစ်လပ်လျက်ရှိသော ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ စီမံရေးနှင့် ဘဏ္ဍာရေး ဌာနကြီးမှ ညွှန်ကြားရေးမှူး ဦးဖြိုးမင်းကျော် အား ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ခင်လတ်

ဒုတိယဝန်ကြီး

### စစ်ရာထူးခန့်ချုပ်ရုံး

**(ကြည်းတပ်ဌာနစု)**

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)

အမှတ် ၁၃၅/၂၀၂၄။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၄၈) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

| | | | | |
|---|---|---|---|---|
| (၁) | ဟောင်းဇေ | ကြည်း | ၈၀၄၉၄ | ၂၀-၇-၂၀၂၄ |
| (၂) | ကိုကိုဦး | ကြည်း | ၈၀၄၉၅ | ၂၁-၇-၂၀၂၄ |

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်)

အမှတ် ၁၄၀/၂၀၂၄။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၉၉) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင် အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

ဇော်ဌေးခိုင် ကြည်း ၈၀၄၉၆

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်
(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

အမှတ် ၁၄၂/၂၀၂၄။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၄၈) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

ဝင်းထင်ကျော် ကြည်း ၈၀၄၉၇

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်
(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်)

အမှတ် ၁၄၅/၂၀၂၄။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၄၈) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

ဆန်းဦး ကြည်း ၈၀၄၉၈

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်
(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်)

အမှတ် ၁၄၆/၂၀၂၄။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၄၈) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

ကိုကိုနိုင် ကြည်း ၈၀၄၉၉

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်
(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

အမှတ် ၁၄၇/၂၀၂၄။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၄၈) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

မောင်မောင်ဝင်း ကြည်း ၈၀၅၀၀

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်
စစ်ရာထူးခန့်ချုပ်
စစ်ရာထူးခန့်ချုပ်ရုံး

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၄)**

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်
(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့၊ မင်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၃/မင်းရပ်)၊ ဦးပိုင်အမှတ် (F–၃၄/၂၄၉) ရှိ **မြေဧရိယာ ၀.၀၃၁ ဧက** အား **လှိုင်နံ့သာဘုရား** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၂၄)

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့၊ မင်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၃/မင်းရပ်)၊ ဦးပိုင်အမှတ် (F-၃၄/၂၅၀) ရှိ **မြေဧရိယာ ၀.၀၉၄ ဧက** အား **လှိုင်နံ့သာဘုရား** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့ မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

မြင့်သန်း
ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## စီမံကိန်းဦးစီးဌာန

### ရုံးအမိန့်စာအမှတ် (၁၆၁/၂၀၂၄)

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်
(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းဦးစီးဌာန၊ စီမံခန့်ခွဲရေးနှင့် ငွေစာရင်းဌာနခွဲမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဆင့်ရှိ ညွှန်ကြားရေးမှူး ဦးဝင်းသိန်း အား ၂၆-၈-၂၀၂၄ ရက်နေ့မှ ၂၅-၁၂-၂၀၂၄ ရက်နေ့အထိ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး အသက် (၆၂) နှစ်ပြည့်မည့် ၂၆-၁၂-၂၀၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

၂။ ဤအမိန့်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၄၅/၂၀၂၄ အရ ထုတ်ပြန်ခြင်းဖြစ်သည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
ခင်မာဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်
စီမံကိန်းဦးစီးဌာန

## သမဝါယမဦးစီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၂၄)

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်
(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်)

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၂၄) ၏ သဘောတူဆုံးဖြတ်ချက်နှင့် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၈၆/၂၀၂၄ တို့အရ ညွှန်ကြားရေးမှူးရာထူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) မှ ဒုတိယညွှန်ကြားရေးမှူးချုပ်ရာထူး၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) သို့ ရာထူးအဆင့်တိုးမြှင့်ခြင်းခံရသော မကွေးတိုင်းဒေသကြီး၊ သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်မင်း အား မိမိ၏တာဝန်ဝတ္တရားများကို စွန့်လွှတ်စေပြီးလျှင် သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်၏ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

အောင်သူရ
ညွှန်ကြားရေးမှူးချုပ်
သမဝါယမဦးစီးဌာန

## မြန်မာ့သစ်လုပ်ငန်း

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

### ရာထူးတိုးမြှင့်ခန့်ထားခြင်း

အမှတ် ၂၃၅။ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့တွင်ကျင်းပသည့် (၅/၂၀၂၄-၂၀၂၅) ကြိမ်မြောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်အရ မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်ရေးဌာန၊ မန္တလေးဖောင်ဖွဲ့ရေး၊ မန္တလေးမြို့မှ လက်ထောက် အထွေထွေမန်နေဂျာ (သစ်ထုတ်ရေး) ဦးချစ်ဝင်း အား ဒုတိယအထွေထွေမန်နေဂျာ (သစ်ထုတ်ရေး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလျက် ချင်းပြည်နယ်၊ ကလေးမြို့တွင် တာဝန်ချထားလိုက်သည်။

သန္တာအေး

ဒုတိယအထွေထွေမန်နေဂျာ (စီမံရေး)

မြန်မာ့သစ်လုပ်ငန်း

## မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၄)

၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၅ ရက်)

ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၅-၇-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ အုပ်ချုပ်မှု (တိုးမြှင့်)/ ၂၀၂၄ (၇၅၈၅) အရနှင့် ၁-၇-၂၀၂၄ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၂၄) အစီအစဉ် ၄ (ဈ-၂) ၌ သဘောတူဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (စီမံ)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀- ၃၆၁,၀၀၀) ဦးမျိုးအောင် အား ဤဦးစီးဌာန၊ စီမံ/ဘဏ္ဍာဌာနခွဲရှိ ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဖြစ် ၅-၇-၂၀၂၄ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

ကိုလေးဝင်း

ညွှန်ကြားရေးမှူးချုပ်

မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန

## အဆင့်မြင့်ပညာဦးစီးဌာန

၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၅ ရက်)

အမှတ် ၇၀၀။ ၁၉-၆-၂၀၂၄ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၂၄) အစီအစဉ် ၄ (ဃ-၉) ၌ သဘောတူဆုံးဖြတ်ချက်အရ ဒဂုံတက္ကသိုလ်၊ ဓာတုဗေဒဌာနမှ ပါမောက္ခ ဒေါက်တာ မြသူဇာ အား ၁၆-၇-၂၀၂၄ ရက်နေ့နံနက်ပိုင်းမှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီး ခွင့်ရက်ကုန်ဆုံးသည့် ၁၆-၁၁-၂၀၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ(က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာ ဝင်းထွန်း

ညွှန်ကြားရေးမှူးချုပ်

အဆင့်မြင့်ပညာဦးစီးဌာန

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက် (၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

**A.A.M Export Import Company Limited**

အစုရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းဆဲကုမ္ပဏီ

Final Meeting နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ **A.A.M Export Import Company Limited** ကုမ္ပဏီမှတ်ပုံတင်အမှတ် – ၁၁၁၀၄၄၆၇၈/ (၂၆-၁၂-၂၀၁၇) ၏ ဖျက်သိမ်းခြင်းကို (၃၀-၉-၂၀၂၄) ရက်နေ့ နံနက် ၉:၀၀ နာရီတွင် အပြီးသတ်စာရင်းရှင်းလင်းမည်ဖြစ်ပါ၍ အစုရှင်များအားလုံး နောက်ဆုံးအစည်းအဝေးသို့ မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဒေါ်နန်းမိုခမ်းအောင်
တရားလွှတ်တော်ရှေ့နေ
(စဉ်–၁၀၂၇၃/၂၇-၁-၂၀၁၅)
အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။